Golden Lion Wire Co.,Ltd
HOT LINE : 09 771 667768

# The VOICE Daily

IRIS Nature
Wet Tissue & Wet Towel

Vol. 8 / No. 196 | Established in 2004 | ၁၃၈၂ ခုနှစ်၊ ပြာသိုလဆန်း (၈) ရက်။ ( Wednesday, January 20, 2021)

# ဆန္ဒပြဆောက်လုပ်ရေးအလုပ်သမားများ၏ တောင်းဆိုမှုကို ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဖြေရှင်းပေးမည်ဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မီးရထားဝင်းအတွင်းမှ BYMA ကုမ္ပဏီ အလုပ်သမား ၅၀၀ ကျော်ဆန္ဒပြသည့် တောင်းဆိုမှုများနှင့် ပတ်သက်၍ ကုမ္ပဏီမှ ဇန်နဝါရီ ၂၆ရက်တွင် နောက်ဆုံးထား၍ ဖြေရှင်းပေးမည်ဖြစ်ကြောင်း BYMA ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

BYMA ကုမ္ပဏီအလုပ်သမား ၅၀၀ ကျော်သည် လူမှုဖူလုံရေးကြေး အမြန် (ယခုရက်ပိုင်းအတွင်း)ရရှိရေး၊ လုပ်ခ လစာများကိုသတ်မှတ်ရက်အတွင်းရှင်းပေးရေး၊ EC စာချုပ်အမြန်ဆုံးချုပ်ဆိုရေး၊ ခေါင်းဆောင်ပိုင်းနှင့် အလုပ်သမားကြား တန်းတူဆက်ဆံရေး၊ အလုပ်ချိန်အတွင်း ဖိအားပေး မတရားခိုင်းစေခြင်းရပ်စဲရေး စသည့် တောင်းဆိုချက်များနှင့် စာ ၂ သို့



ဓာတ်ပုံ – မောင်ကျော်ဖြိုး

BYMA ကုမ္ပဏီမှ အလုပ်သမားများ ရပိုင်ခွင့်များနှင့် ပတ်သက်၍ ဆန္ဒဖော်ထုတ်နေသည်ကို ဇန်နဝါရီလ ၁၉ ရက်နေ့က တွေ့မြင်ရစဉ်

## ရခိုင်ပြည်နယ်တွင် မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် အရေးကြီးဟု ပြည်ထောင်စုဝန်ကြီးပြော

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ်တွင် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် အရေးကြီးဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ကို စာ ၁၀ သို့

## စစ်ရှောင်စခန်းက ရခိုင် အမျိုးသမီးငယ်များ၏ မျှော်လင့်ခြင်း ပွဲတင်သံ

စာ ၆ သို့

## စစ်ရှောင်များအတွက် နေအိမ်ဆောက်လုပ်ရန် စက်ယန္တရားများလိုအပ်

စာ ၁၅ သို့

## မျိုးဗီဇပြောင်းဗိုင်းရပ်စ် မဝင်ရောက်စေရန် မြဝတီတွင် ထိုင်းပြန်များကို စစ်ဆေးမှုပြုလုပ်

စာ ၃ သို့

## တရုတ်ပြည်မအတွင်းပိုင်းသို့ တင်ပို့မည့် ဖရဲသီးများကို ကိုဗစ်ပိုး ရှိ၊ မရှိ စစ်ဆေး

စာ ၃ သို့




# ဆန္ဒပြဆောက်လုပ်ရေး အလုပ်သမားများ၏ တောင်းဆိုမှုကို ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ဖြေရှင်းပေးမည်ဟုဆို

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**


ဓာတ်ပုံ - မောင်ကျော်ဖြိုး

ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မီးရထားဝင်းအတွင်းမှ BYMA ကုမ္ပဏီ အလုပ်သမား ၅၀၀ ကျော်ဆန္ဒပြသည့် တောင်းဆိုမှုများနှင့် ပတ်သက်၍ ကုမ္ပဏီမှ ဇန်နဝါရီ ၂၆ ရက်တွင် နောက်ဆုံးထား၍ ဖြေရှင်းပေးမည်ဖြစ်ကြောင်း BYMA ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

BYMA ကုမ္ပဏီအလုပ်သမား ၅၀၀ ကျော်သည် လူမှုဖူလုံရေးကြေး အမြန် (ယခုရက်ပိုင်းအတွင်း) ရရှိရေး၊ လုပ်ခလစာများကိုသတ်မှတ်ရက်အတွင်း ရှင်းပေးရေး၊ EC စာချုပ် အမြန်ဆုံးချုပ်ဆိုရေး၊ ခေါင်းဆောင်ပိုင်းနှင့် အလုပ်သမားကြားတန်းတူဆက်ဆံရေး၊ အလုပ်ချိန်အတွင်း ဖိအားပေး မတရားခိုင်းစေခြင်းရပ်စဲရေး စသည့် တောင်းဆိုချက်များနှင့် ဇန်နဝါရီ ၁၉ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းပေါ်ရှိ မီးရထားဝင်းအရှေ့တွင် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အပြင် ကုမ္ပဏီမှတာဝန်ရှိသူများ ကဆွေးနွေးရန် ကုမ္ပဏီအတွင်းဖိတ်ခေါ်ရာတွင်လည်း အလုပ်သမားများဘက်မှ လက်ခံခဲ့ခြင်းမရှိဘဲ ၎င်းတို့၏ တောင်းဆိုကြွေးကြော်သံများနှင့်အတူ ကုမ္ပဏီအရှေ့လမ်းမပေါ်တွင်ထိုင်၍ ဆန္ဒဆက်လက်ဖော်ထုတ်ခဲ့ကြသည်။

"ကျွန်တော်တို့ကို ဖူလုံရေးကိစ္စမှာ တစ်ပတ်ကို တစ်ခါဖြတ်တယ်၊ ၅၀၀၀၊ ၆၀၀၀ လစာများရင် များသလိုဖြတ်တယ်။ ကျွန်တော်တို့ပြောထားတယ်။ တစ်လမှာ တစ်ခါပဲဖြတ်ရင် ခံသာသေးတယ်။ ကျွန်တော်တို့ လက်သင့်မခံချင်တာ HR ပဲ။ သူက တော်တော်ဆိုးဆိုးဝါးကိုလုပ်နေတာ" ဟု အလုပ်သမားတစ်ဦးက ပြောသည်။

အဆိုပါမကျေလည်မှုနှင့်ပတ်သက်၍ ကိုဗစ်ဒုတိယလှိုင်းကာလအတွင်း အလုပ်သမားများ ရပိုင်ခွင့်ရှိသော လူမှုဖူလုံကြေးများကို လူမှုဖူလုံရေးမှ ဇန်နဝါရီ ၂၆ ရက်တွင် ချက်လက်မှတ်ပို့ပေးမည်ဖြစ်ပြီး အလားတူ လုပ်ခလစာ၊ ရပိုင်ခွင့်နှင့် မရရှိသေးသော ရက်မှန်ကြေးများကိုလည်း ဇန်နဝါရီ ၂၆ ရက်တွင် နောက်ဆုံးပေးမည်ဖြစ်ပြီး အပိုကြေး(ဘောနပ်)များကိုလည်း အားလုံးရှင်းလင်းပေးမည်ဖြစ်ကြောင်း ကုမ္ပဏီက ဆုံးဖြတ်ခဲ့သည်ဟု ကုမ္ပဏီ၏ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ လူမှုဖူလုံရေးကြေး၊ လုပ်ခလစာ မရရှိမှုများနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၂ရက်တွင် ဆန္ဒဖော်ထုတ်ခဲ့ပြီး ဇန်နဝါရီ ၁၉ ရက်တွင်ပေးမည်ဟု ကုမ္ပဏီဘက်က အကြောင်းပြန်ခဲ့ပြီး ပေးသည့်အချိန်တွင်လည်း ၅ရက်စာလုပ်အားခသာပေးသောကြောင့် ယခုကဲ့သို့ ဆန္ဒထပ်မံဖော်ထုတ်ခြင်းဖြစ်ကြောင်း အလုပ်သမားများက ဆိုသည်။

❍ J-02

# ရက်မှန်ကြေး ရရှိရေးအတွက် အထည်ချုပ်စက်ရုံမှ အလုပ်သမားငါးရာကျော် ဆန္ဒပြ

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်ရှိ Unique HTT အထည်ချုပ်စက်ရုံမှ အလုပ်သမားငါးရာကျော်ဟာ ရက်မှန်ကြေး နှစ်သောင်းကျပ်၊ ကျွမ်းကျင်ကြေး (A) အဆင့် ကျပ်သုံးသောင်း ပေးဖို့အပါအဝင် အချက် ၁၈ ချက်ရရှိစေဖို့ ဇန်နဝါရီလ ၁၉ ရက်နေ့ မနက်ပိုင်းက စက်ရုံရှေ့မှာ ဆန္ဒပြခဲ့ကြပါတယ်။

ဆန္ဒပြရာတွင်ပါဝင်တဲ့ အလုပ်သမားတစ်ဦးက "ညီမတို့က အလုပ်သမားချင်းတန်းတူညီတူရချင်လို့ ဆန္ဒပြတာပါ၊ ရက်မှန်ကြေး သူများ နှစ်သောင်းဆို ကိုယ်လည်း နှစ်သောင်း ရချင်တယ်။ ကျွမ်းကျင်ကြေး သူများ သုံးသောင်းဆို ကိုယ်လည်း သုံးသောင်းရချင်တယ်"လို့ ပြောပါတယ်။

အလုပ်သမားတွေ အခုလိုဆန္ဒပြတာနဲ့ပတ်သက်ပြီး အလုပ်ရှင်၊ အလုပ်သမားတွေ၊ အလုပ်သမားအရေး ဆောင်ရွက်သူတွေ ညှိနှိုင်းခဲ့ကြရာ အဆင်ပြေမှု ရရှိခဲ့တယ်လို့ မြန်မာနိုင်ငံ အထွေထွေအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မိုးစန္ဒာမြင့်က ပြောပါတယ်။

"အလုပ်သမားတွေက နှစ်သောင်း တောင်းတာ အလုပ်ရှင်က တစ်သောင်း ပေးတယ်၊ နှစ်ဖက်ပြေလည်မှု ရရှိသွားတယ်"လို့ ဒေါ်မိုးစန္ဒာမြင့်က ပြောပါတယ်။

လက်ရှိအခြေအနေမှာတော့ အလုပ်သမားတွေဟာ ဖြေရှင်းမှုအဆင်ပြေပြီး နောက်ပိုင်း ဆန္ဒပြပွဲကို ရုပ်သိမ်းခဲ့ပါတယ်။

Unique HTT အထည်ချုပ်စက်ရုံဟာ လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၊ အလယ်ကျေးရွာ၊ ရွှေလင်ပန်း စက်မှုဇုန်၊ စက်ဆရာဦးထွန်းလမ်း အမှတ် (၂၉၁) မှာတည်ရှိပြီး အလုပ်သမားအင်အား ၁၁၀၀ ကျော် လုပ်ကိုင်နေတဲ့ စက်ရုံလည်း ဖြစ်ပါတယ်။

❍

**အေးချမ်းသူ(VOM)**



# ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများ ဖေဖော်ဝါရီလ ၁ ရက်နေ့ စတင်စစ်ဆေးမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

၂၀၂၀ ပြည့်နှစ်၊ အထွေထွေ ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများနှင့် ပတ်သက်၍ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စတင်ကြားနာစစ်ဆေးရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ ကိုယ်စားလှယ်များထံသို့ ဆင့်ခေါ်စာ ပေးပို့ထားကြောင်း သက်ဆိုင်ရာပါတီများ ထံမှ သိရသည်။

"စာပို့ထားတာတော့ မှန်တယ်။ တချို့ကတော့ အခုထိမရောက်သေးဘူး၊ ဗဟိုဥပဒေအထောက်အကူက အကြံဉာဏ်ပေးနဲ့ တိုင်းကော်မတီဝင်ဥပဒေအထောက်အကူပြုအဖွဲ့တွေက အနီးကပ်ကြီးကြပ်မယ်၊ အဓိက လိုက်ပါဆောင်ရွက်မယ့် အဖွဲ့တွေကတော့ မြို့နယ်နဲ့ ခရိုင်မှာရှိတဲ့ တရားမမှု ကျွမ်းကျင်တဲ့ ရှေ့နေတွေက လိုက်ပါဆောင်ရွက်သွားပါ့မယ်" ဟု NLD ပါတီ ဗဟိုကော်မတီဝင် ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အစိုးရဖွဲ့နိုင်သည်အထိ အနိုင်ရထားသည့် NLDပါတီက ကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော်ကို ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် အခြားပါတီများ အပါအဝင် မဲဆန္ဒရှင်များက ကန့်ကွက်မှုပေါင်း ၂၆၅ မှု တင်သွင်းထားကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနချုပ်ကို တိုက်ရိုက်ပို့တာတော့ မဟုတ်ဘူး၊ ကန့်ကွက်လွှာ တင်ထားတဲ့ ကိုယ်စားလှယ်တွေကို ရုံးတော်ကိုလာရောက်တွေ့ဆုံဖို့သက်ဆိုင်ရာ ကိုယ်စားလှယ်တွေကို ပို့ထားတယ်လို့ သိရတယ်။ နေပြည်တော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှာ စစ်ဆေးမယ်လို့ သိရတယ်။ ကျွန်တော်တို့ ကန့်ကွက်ထားတာတော့ ၁၇၄ မှု ရှိပါတယ်။ မြို့နယ်ပေါင်း ၉၀ နီးပါးလောက်ရှိမယ်။ တိုင်းနဲ့ ပြည်နယ်အစုံပါပဲ" ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာနန္ဒာလှမြင့်က ပြောကြားသည်။

ယင်းကန့်ကွက်လွှာအမှုများ ကြားနာစစ်ဆေးနိုင်ရန် ဖေဖော်ဝါရီလ ၁၄ ရက်နေ့က စတင်ပြီး ဆင့်ခေါ်စာများ ပေးပို့ထားကြောင်း၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ ပထမရုံးချိန်းတွင် ရှေ့နေ ကိုယ်စားလှယ် ပါဝါတင်ခြင်း၊ ထုချေလွှာတင်ခြင်းများ ပြုလုပ်နိုင်ကြောင်း သိရသည်။

"ကန့်ကွက်လွှာနဲ့ ပတ်သက်လို့ ဥပဒေနဲ့အညီ လုပ်ဆောင်သွားဖို့ပဲ ရှိပါတယ်။ ဒီစစ်ဆေးတဲ့အပေါ်မှာ တရားမျှတစွာနဲ့ မှန်မှန်ကန်ကန် ဆောင်ရွက်သွားမလား စောင့်ကြည့်ရမှာပဲ၊ အခုချိန်တော့ သုံးသပ်ပြောဖို့ စောနေသေးတယ်။ အခုကြားနာမယ့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြားနာတဲ့အပေါ်မှာပဲ စောင့်ကြည့်ရမှာပါ။ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ပါတီအနေနဲ့ တိုင်ကြားလွှာပေါင်း ၁၁၆၄ မှုရှိပါတယ်"ဟု ဒေါက်တာနန္ဒာလှမြင့် က ဆိုသည်။

ရွေးကောက်ပွဲ ကန့်ကွက်လွှာတင်သွင်းသူများသည် နိုင်ငံတော်က ကုန်ကျမည့် အမှုစရိတ်အတွက် ငွေကျပ် ၅ သိန်း ပေးသွင်းရမည်ဖြစ်ပြီး ရွေးကောက်ပွဲ ကန့်ကွက်လွှာအမှုများကို ခုံအဖွဲ့နှင့်စစ်ဆေးပြီးနောက် ကန့်ကွက်သူကလည်းကောင်း၊ ကန့်ကွက်ခံရသူက လည်းကောင်း ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ ကော်မရှင်သို့ အယူခံတင်သွင်းလိုလျှင် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း အမှုစရိတ်ကုန်ကျမည့် ငွေကျပ် ၅ သိန်း ပေးသွင်းပြီး ယင်းသို့ ပေးသွင်းပြီးကြောင်း ချလန်မူရင်းတင်ပြ၍ ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ချက် မိတ္တူကို ထုတ်ယူတင်သွင်းနိုင်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေတွင် ဖော်ပြထားသည်။

အစိုးရသစ်ဖွဲ့စည်းတင်မြှောက်နိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကို ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ကျင်းပသွားရန်ရှိပြီး ပြည်ထောင်စုလွှတ်တော်ကို ဖေဖော်ဝါရီ ၅ ရက်နေ့တွင် စတင်ကျင်းပနိုင်ရန်ခေါ်ယူထားကြောင်း၊ ယင်းအစည်းအဝေးတွင် အစိုးရသစ်အဖွဲ့နှင့်အတူ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကိုလည်း အသစ်ပြန်လည်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှုပေါင်း ၂၉ မှုရှိခဲ့ပြီး ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲ ကန့်ကွက်လွှာပေါင်း ၄၅ မှုရှိခဲ့ကြောင်း သိရသည်။

❍ S -08

# မျိုးဗီဇပြောင်းပိုင်းရပ်စ် မဝင်ရောက်စေရန် မြဝတီတွင် ထိုင်းပြန်များကို စစ်ဆေးမှုပြုလုပ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

မျိုးရိုးဗီဇပြောင်း ပိုင်းရပ်စ်ပိုးများ နယ်စပ်မှတစ်ဆင့်ပြည်တွင်းသို့ဝင်ရောက်မှု မရှိစေရန် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများကို ချက်ချင်း နှာခေါင်းတို့ဖတ် နမူနာရယူ စစ်ဆေးနေကြောင်း ကရင်ပြည်နယ်၊ မြဝတီခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက ပြောကြားသည်။

ယခင်က ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက်သည့်အခါ အသွားအလာ ကန့်သတ်ခံယူရမည့်နေရာများတွင် သုံးရက်ခန့် နေထိုင်စေပြီးမှ အာခေါင်၊ နှာခေါင်းတို့ဖတ် နမူနာ ရယူစစ်ဆေးပြီး ရောဂါပိုးတွေ့ရှိမှု အခြေအနေအရ ဆေးရုံနှင့် ၎င်းတို့နေထိုင်ရာ တိုင်းဒေသကြီး ပြည်နယ်များသို့ ပြန်လည်လွှဲပြောင်းမှုကို ဆောင်ရွက်ခဲ့သည်။

ယခုအခါယူကေနှင့်တောင်အာဖရိကတို့တွင် ကူးစက်မြန် မျိုးရိုးဗီဇပြောင်း ပိုင်းရပ်စ်များ ပေါ်ပေါက်ဖြစ်ပွားလာပြီးနောက် နိုင်ငံအချို့သို့လည်း ပျံ့နှံ့ရောက်ရှိနေရာ မြန်မာနိုင်ငံအတွင်းသို့ ယင်းမျိုးရိုးဗီဇပြောင်း ပိုင်းရပ်စ် ဝင်ရောက်လာခြင်းမှ ကာကွယ်နိုင်ရန် ထိုင်းနိုင်ငံက ပြန်လာသူများ မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူများကို ချက်ချင်း အာခေါင်၊ နှာခေါင်း တို့ဖတ်ယူကာ စစ်ဆေးနေကြောင်း ဒေါက်တာနန္ဒဝင်းက ပြောဆိုခြင်းဖြစ်သည်။

"ဆရာတို့ ဝင်သမျှကို အကုန်ယူတယ်။ ဒီနေ့နဲ့ဆိုရင် ၄ ရက်မြောက် ရှိပါပြီ" ဟု ဒေါက်တာနန္ဒဝင်းက ထပ်လောင်းပြောဆိုသည်။

ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများသည် မေလမှစတင်ကာ ပြည်တွင်းသို့ပြန်လည်ဝင်ရောက်လာခြင်းဖြစ်သည်။

ယနေ့အချိန်အထိလည်း ထိုင်းဘက်မှ ပြန်လည်ဝင်ရောက်လာသူများ ရှိသော်လည်း ယင်းနိုင်ငံသို ပြန်လည်သွားရောက်အလုပ်လုပ်ကိုင်သူများလည်း ရှိနေပြီ ဖြစ်သည်။

ထိုင်း - မြန်မာနယ်စပ် မြဝတီမြို့တွင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူများကို တိုင်ဒေသကြီး၊ ပြည်နယ်အလိုက် ခွဲခြားကာ အသွားအလာ ကန့်သတ်သည့်နေရာ ၈ ခု ဖွင့်လှစ် လက်ခံထားကြောင်း၊ လက်ရှိအချိန်အထိ မြဝတီတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံထားရသူ ၆၂၀ ဦး ရှိပြီး၊ မြဝတီဆေးရုံတွင် ဆေးကုသမှု ခံယူနေသူ ၁၀၀ ဦး၊ သေဆုံးသူ ၃ ဦး၊ ဆေးရုံမှ ပြန်လည်ဆင်းသွားသူ ၅၀၀ ကျော်ရှိပြီ ဖြစ်သည်။

❍ S-09

# ကနီမြို့တွင် ကိုဗစ်ပိုး ကူးစက်ခံရသူသုံးဦး တွေ့သဖြင့် ဆိုင်ထိုင်စားခွင့်ပိတ်

**မုံရွာ၊ ဇန်နဝါရီ ၁၉**

ကနီမြို့တွင် ကိုဗစ်ပိုး ကူးစက်ခံရသူသုံးဦး တွေ့သဖြင့် ဆိုင်ထိုင်စားခွင့် ၁၅ ရက် ပိတ်လိုက်သည်ဟု မြို့ခံများထံမှ သိရသည်။

ကနီမြို့တွင်နေထိုင်သည့်အမျိုးသမီးတစ်ဦး အနံ့ပျောက်သဖြင့် ဇန်နဝါရီ ၁၉ ရက်နေ့က RDT test kits ဖြင့် ဆေးစစ်ကြည့်ရာမှ ကိုဗစ်ပိုးတွေ့ခဲ့ပြီး ဆက်စပ်သူနှစ်ဦးတွင်လည်း ပိုးတွေ့ခဲ့ကြောင်း ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာနထံမှလည်း သိရသည်။

အမှတ် ၂ ရပ်ကွက်တွင် နေထိုင်သည့် အသက် ၃၀ အရွယ် အမျိုးသမီးမှာ မုံရွာမြို့သို့ဇန်နဝါရီ ၁၃ ရက်နေ့က မိတ်ဆက်ဈေးနှင့် မိုဘိုင်းလ်ဖုန်းဆိုင်တစ်ဆိုင်သို့ ဈေးဝယ်သွားခဲ့ပြီး အပြန်တွင် ဖျားနေသဖြင့် ပြင်ပဆေးခန်းသို့ သုံးရက်ဆက်တိုက် ဆေးကုသခဲ့ကြောင်း၊ ယမန်နေ့က အနံ့ပျောက်ခဲ့သဖြင့် သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ဆေးစစ်ရာမှ ကိုဗစ်-၁၉ ပိုးတွေ့ရခြင်းဖြစ်သည်ဟု ကနီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်စိုးထွန်းက ပြောကြားသည်။

"သူနဲ့အတူ မုံရွာသွားတဲ့လေးဦးမှာ သုံးဦးပိုးတွေ့တာ။ ဒေသတွင်း ကူးစက်မှုဆိုတာထက် မုံရွာကနေ ကူးလာတာပေါ့၊ ဒါကြောင့် နောက်ထပ် ကူးစက်မှုတွေ မဖြစ်အောင် မြို့ပေါ်က စားသောက်ဆိုင်တွေမှာ ဆိုင်ထိုင်စားခွင့် ၁၅ ရက် ပိတ်လိုက်ပါတယ်" ဟု ၎င်းက ပြောဆိုသည်။

ပိုးတွေ့သူသုံးဦးသည် ကနီမြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမည်ဖြစ်ပြီး ၎င်းတို့နှင့် ထိတွေ့ခဲ့သူ ၁၅ ဦးကိုမူ Quarantine စင်တာသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း ဦးသိုက်စိုးထွန်းက ထပ်မံရှင်းပြသည်။

ကနီမြို့တွင် ထပ်မံကူးစက်မှု မဖြစ်ပွားစေရန် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်တို့ကို ဆိုင်ထိုင်စားခွင့် ၁၅ ရက်ပိတ်ကာ ပါဆယ်စနစ်သာ ခွင့်ပြုမည်ဟု ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ကနီမြို့နယ်တွင် ကိုဗစ်-၁၉ ပထမလှိုင်းဖြစ်ချိန်မှ လက်ရှိအချိန်အထိ ကိုဗစ်ပိုးတွေ့သူ ၂၃ ဦး ရှိပြီဖြစ်ရာ ၂၀ ဦးမှာ ဆေးရုံဆင်းခွင့်ရရှိထားပြီဖြစ်ကြောင်း အစိုးရထုတ်ပြန်ချက်အရ သိရသည်။

❍ R-08

# တရုတ်ပြည်မအတွင်းပိုင်းသို့ တင်ပို့မည့် ဖရဲသီးများကို ကိုဗစ်ပိုး ရှိ၊ မရှိ စစ်ဆေး

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်ပြည်မအတွင်းပိုင်းသို့ တင်ပို့မည့် ဖရဲသီးများကို ကိုဗစ်ပိုး ရှိ၊ မရှိ စစ်ဆေး၍ စတင်ပို့လျက်ရှိကြောင်း မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်ထံမှ သိရသည်။

"ဖရဲသီးလည်း တရုတ်ပြည်မအတွင်းပိုင်းဝင်ဖို့ COVID-19 ရောဂါပိုး စစ်ရတယ် (လုံးကောက်စစ်တာပါ)။ ရောဂါဖြစ်ပွားရာ ပြည်နယ်/ဒေသကို တင်ပို့ဖို့ ရောဂါကင်းစင်လက်မှတ် Certificate ပါမှ၊ ပါရင် ခွင့်ပြုပါတယ်။ ပိတ်ထားတဲ့ဈေးကွက်အချို့ ပြန်ဖွင့်မယ့် အခွင့်အလမ်းပါ" ဟု ယင်းကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖရဲသီးများကို ကိုဗစ်ပိုး ရှိ၊ မရှိ စစ်ဆေးပြီး တင်ပို့ခွင့်ရရှိသည့်အတွက် တရုတ်နိုင်ငံဘက်တွင် ဖရဲစားသုံးမှု ပိုမိုမြင့်တက်လာမည်ဟု မျှော်လင့်ကြောင်း သစ်သီးကုန်သည်များက ဆိုသည်။

"အခုလို ဈေးကွက်ပြန်ကောင်းလာမယ့်အနေအထားရှိတဲ့အတွက် ဖရဲ-သခွားခင်းမှာ ကိုဗစ်သံသယလူနာ သတိပြု။ အခင်းရှင်လုပ်သားများ လက်ဆေးပါ။ Mask တပ်ပါ။ ဖြစ်နိုင်ရင် လက်အိတ်စွပ်ပါ" ဟု သစ်သီးကုန်သည်တစ်ဦးက ဆိုသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်သို့ ဖရဲ၊ သခွားမွှေးကား အစီးရေ ၄၀ ခန့်ဝင်ရောက်ပြီး လမ်းပိုင်းတွင် ဖရဲ၊ သခွားမွှေးကားအစီးရေ ၂၅၀ ခန့်ကျန်ရှိကာ ၈၅၅ ဖရဲစီးပြတ်ဈေးနှုန်းများမှာ တရုတ်ငွေ ယွမ် ၁၅,၀၀၀ မှ ၂၁,၀၀၀၊ ဒုံးကျည်ဖရဲဈေးနှုန်းများမှာ ယွမ် ၁၅,၀၀၀ မှ ၂၂,၀၀၀၊ ထဲန်ဝမ်ဖရဲ တန်ချိန်မှာ တစ်တန်လျှင် ယွမ် ၁,၇၀၀ မှ ၂,၇၀၀၊ အစေ့မဲဖရဲဈေးနှုန်းမှာ တစ်တန်လျှင် ၁,၆၀၀ မှ ၂,၂၀၀ နှင့် ရွှေသခွားဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၃,၀၀၀ မှ ၄,၃၀၀ ပေါက်ဈေးရှိကြောင်း ခွာညိုသစ်သီးပွဲရုံထံမှ သိရသည်။



ဓာတ်ပုံ-ခွာညိုသစ်သီးပွဲရုံ

❍ S-07

## EDITORIAL

# မမေ့ထား၍ မဖြစ်နိုင်သော အလုပ်သမားအခွင့်အရေး

ယမန်နေ့က ရန်ကုန်မြို့လယ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုတွင် အလုပ်လုပ်ကိုင်နေသော ဆောက်လုပ်ရေးလုပ်သားရာနှင့်ချီ၍ ဆန္ဒပြကြသည်ဟု ကြားသိရပါသည်။ ၎င်းတို့ လုပ်ခလစာအပြည့်အဝရရှိရေးနှင့် လူမှုဖူလုံရေးခံစားခွင့်များရရှိရေးအတွက် ဆန္ဒပြကြခြင်းလည်းဖြစ်ပေသည်။

မြို့လယ်ကောင်၌ ယင်းအလုပ်သမားများဆန္ဒပြခြင်းသည် ၂၀၂၁ နှစ်သစ်တွင် ပထမဆုံးကြုံတွေ့ရသည့် အလုပ်သမားပြဿနာတစ်ရပ်ဖြစ်မည်ဟုလည်း ထင်ပါသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားများအခွင့်အရေးနှင့်ပတ်သက်သည့်ပြဿနာများ ယခင်နှစ်များစွာကတည်းကရှိခဲ့သော်လည်း ဒီမိုကရေစီခေတ်တွင် တိုးတက်ကောင်းမွန်လာခြင်းရှိပါ၏လော ဆိုသည့်မေးခွန်းမှာ စိတ်ဝင်စားရာကောင်းမည်ဟု ထင်ပါသည်။

အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်အကိုင်ရရှိရေးနှင့် အလုပ်သမားအခွင့်အရေးရရှိရေးတို့ကို အလေးထားလုပ်ဆောင်လျက်ရှိသည်ဟု နိုင်ငံတော်သမ္မတက ယမန်နှစ် အလုပ်သမားနေ့သဝဏ်လွှာပေးရာတွင် ဆိုထားပေသည်။

ပြည်ပသို့ရောက်ရှိနေသော မြန်မာလုပ်သားများကို အကာအကွယ်ပေးစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံများတွင် အလုပ်သမားသံအရာရှိကြီးများခန့်အပ်ပြီး မြန်မာသံရုံးနှင့် ပူးပေါင်းကာ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသလို ပြည်တွင်းရွှေ့ပြောင်းလုပ်သားများအတွက်လည်း ILO၊ IOM အကူအညီများနှင့် ထောက်ပံ့ကူညီရေးဗဟိုဌာနများဖွင့်ပြီးဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရပါသည်။

တကယ်တမ်းပြောရလျှင် ဒီမိုကရေစီအစိုးရလက်ထက်တွင် ယခင်ကထက် အလုပ်သမားများ၏ ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် ကြိုးပမ်းအားထုတ်မှုများ မြင်တွေ့လာရသည်မှာမှန်ပါသည်။ သို့သော် လိုအပ်ချက်များစွာရှိနေပါသေးသည်။ ပြည်ပရေကြောင်းကုမ္ပဏီများ ပိုင်ဆိုင်သည့် ပင်လယ်ကူးသင်္ဘောများတွင် တက်ရောက်လုပ်ကိုင်နေကြသော မြန်မာသင်္ဘောသားများအနေနှင့် အခြားသော နိုင်ငံများမှ သင်္ဘောသားများနည်းတူ အခွင့်အရေးရရှိရေးကအစ ပြည်တွင်းနှင့် ပြည်ပမှ မြန်မာအလုပ်သမားများ အခြားနိုင်ငံခြားလုပ်သားများနည်းတူ အခွင့်အရေးရရှိရေးတို့အတွက် လုပ်ကိုင်ပေးရန်များစွာလိုအပ်နေသေးသည်။

နိုင်ငံများတည်ရှိနေသေးသရွေ့ ကုန်သွယ်ရေး၊ နည်းပညာနှင့် စက်မှုကုန်ထုတ်လုပ်ရေးအပါအဝင် စီးပွားရေးလုပ်ငန်းကြီးများရှိနေသေးသရွေ့ အလုပ်သမားများ အရေးကိစ္စ (အလုပ်သမားအခန်းကဏ္ဍ)လည်း ဆက်ရှိနေမည်သာဖြစ်သည်။ အလုပ်သမားပြဿနာများနှင့် အခွင့်အရေးကိစ္စများက တိုင်းပြည်စီးပွားရေးတိုးတက်မှုအတွက် အဟန့်အတားများဖြစ်သည်ဟု မရှုမြင်မိစေရန် အထူးအရေးကြီးပေသည်။

အကြောင်းမှာ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်သည်၊ စီးပွားရေးကောင်းမွန်သည်ဆိုသောကိစ္စကို ဂုဏ်သိက္ခာရှိသော လုပ်ငန်းခွင်၊ ဖူလုံမှုရှိသော လူမှုဘဝကို ပိုင်ဆိုင်သည့် အလုပ်သမားလူထုရှိမှသာ ဆောင်ကြဉ်းနိုင်မည်ဖြစ်၍ပင်။

မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် တည်ငြိမ်အေးချမ်းသောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေးတွင် မြန်မာအလုပ်သမားများအတွက် အလုပ်လုံခြုံမှု၊ အလုပ်သမားအခွင့်အရေးအပြည့်အဝရရှိမှုမှအစ လူမှုဘဝတိုးတက်ကောင်းမွန်ရေးအတွက် ထိရောက်မှုရှိသည့် မူဝါဒများချမှတ်ပေးရန် မေတ္တာရပ်ခံလိုက်ရပါသည်။

**အယ်ဒီတာ ( ၁၉ - ၁ - ၂၀၂၁ )**

# ဒီမိုကရေစီအရေးကို မြန်မာအစိုးရ၊ ပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်မည်ဟု အမေရိကန်သံအမတ်သစ်ပြော

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**



မြန်မာနိုင်ငံတစ်ဝန်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ဒီမိုကရေစီကို ဖော်ဆောင်ရာတွင် မြန်မာအစိုးရ၊ မြန်မာပြည်သူများနှင့်အတူ လက်တွဲဖော်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်သစ်အဖြစ် တာဝန်ထမ်းဆောင်မည့်သူ သောမတ်စ်ဗိုက်ဒါက ပြောကြားသည်။

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ဇန်နဝါရီလ ၁၉ ရက်နေ့က သံအမတ်ခန့်အပ်လွှာပေးရာတွင် ၎င်းက အထက်ပါအတိုင်းထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"မြန်မာနိုင်ငံမှာ မကြာသေးမီနှစ်တွေအတွင်းက အကြီးအကျယ်ပြောင်းလဲခဲ့ပြီးပါပြီ။ ဒါပေမဲ့ ပိုမိုကောင်းမွန်တဲ့အနာဂတ်တစ်ခုအတွက် အတူတကွလက်တွဲဆောင်ရွက်မယ်ဆိုတဲ့ ကျွန်တော်တို့ရဲ့ကတိကဝတ်ကတော့ မပြောင်းလဲဘဲ ဆက်လက်ပြီး ရှိနေပါတယ်"ဟု သောမတ်စ်ဗိုက်ဒါက ပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီး သောမတ်စ်ဗိုက်ဒါသည် ၎င်း၏နေပြည်တော်ခရီးစဉ်အတွင်း အမေရိကန်-မြန်မာဆက်ဆံရေး ပိုမိုအားကောင်းစေရေးအတွက် မြန်မာအစိုးရ၏ အခြားသော အကြီးတန်းတာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးထံမှ သိရသည်။

"ရှေ့လာမယ့်နှစ်တွေအတွင်း အမေရိကန်ပြည်ထောင်စုနဲ့ မြန်မာနိုင်ငံက ပြည်သူတွေအကြား ရေရှည်တည်တံ့တဲ့ဆက်ဆံရေးတွေ တည်ဆောက်ဖို့အတွက်လည်း ကျွန်တော် မျှော်လင့်လျက်ရှိနေပါတယ်" ဟု သံအမတ်ကြီး သောမတ်စ်ဗိုက်ဒါက ဆိုသည်။

သံအမတ်ကြီး သောမတ်စ်ဗိုက်ဒါသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ သံရုံးဒုတိယအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယနေ့မှစ၍ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးတွင် ၎င်းနှင့်အတူ ဇနီးဖြစ်သူ အေမီဆေဘော့စ်၊ သမီးနှစ်ဦးအနက်မှ တစ်ဦးကလည်း အတူလိုက်ပါလာခဲ့ပါကြောင်း အမေရိကန်သံရုံးထံမှ သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်အဖြစ် ၁၉၉၀ နောက်ပိုင်းတွင် ခန့်အပ်ခဲ့ခြင်းမရှိဘဲ ယာယီတာဝန်ဖြင့်သာ ခန့်အပ်ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ၂၀၁၂ ဇူလိုင်လ ၅ ရက်နေ့မှစတင်၍ ဒဲရစ်မစ်ချယ်ကို သံအမတ်အဖြစ် စတင်ခန့်အပ်ခဲ့ကာ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့အထိ ဒဲရစ်မစ်ချယ်က တာဝန်ထမ်းဆောင်ခဲ့သည်။

ယင်းနောက် ၂၀၂၀ ဩဂုတ်လခန့်အထိ စကော့မာစီရယ်ကို ဆက်လက်ခန့်အပ်ခဲ့ပြီး ၎င်းနောက်ပိုင်းတွင် သံရုံးယာယီတာဝန်ခံများအဖြစ် ဂျော့ချ်ဆစ်ဘာလီနှင့် လက်ရှိယာယီတာဝန်ခံ ကွမ်တက်နိုတိုကို ခန့်အပ်ခဲ့ပြီးနောက်တွင်မှ သံအမတ်ကြီးအဖြစ် သောမတ်စ်ဗိုက်ဒါကို ပြန်လည်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ယခုသံအမတ်အဖြစ် ခန့်အပ်ခံရသော သောမတ်စ်ဗိုက်ဒါသည် ဗဟိုနှင့်တောင်အာရှရေးရာဗျူရို၏ အကြီးတန်းအကြံပေးတစ်ဦးဖြစ်ပြီး မြန်မာနိုင်ငံသံအမတ်အဖြစ် ခန့်အပ်နိုင်ရန် သမ္မတဒေါ်နယ်ထရမ့်က ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်နေ့က အမည်စာရင်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၁၉၉၁ ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးဖြစ်ကြောင်း သိရသည်။

❍

S -08

The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Chief Editor** - Aung Kyaw Soe. **Legal Advisors** - U Hla Sein (Advocate),
**Editor in Charge** - Aung Aung Tun. **Senior Editor** - Nay Zar Kyaw.
**Editors** - Pwint Zin Maw Hein, Nilar Myint.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han.
**Manager (DTP)** - Ma Khine . **Designer** - Saw Elijah.
**Senior Reporters** - Aung Htet , Khaing Soe Lin , Thet Shine Thu, Aung Thet Ko, Zaw Moe Lwin.
**Reporters** - Pyae Phyo Myint Mon, Kyaw Phyo.
**Mandalay Reporters** - Ye Win Naing.
**Regional Reporters** - Zay Yar Ko, Yan Naing, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Min Min Aung, Ma Ma, Khin May San, Nay Naing, Lwin Aye.
**Photographer** - Ye Pyae Zar Ni. **Advertising** - Zaw Zaw Aung.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com, **Website** - www.thevoicemyanmar.com,
**Office** - No. 38, Second Floor, Moe Kaung Road, Yankin Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 403960007 **(Distribution)**
**E-mail**-Admin; Chief Editor : ceditor.thevoicemyanmar@gmail.com
**News Room** : newsroom.thevoicemyanmar@gmail.com

# Samsung Galaxy S21 စမတ်ဖုန်းများအတွက် Pre-order များ မြန်မာနိုင်ငံတွင် စတင်လက်ခံ

ရန်ကုန်၊ ဇန်နဝါရီ ၁၉



ဓာတ်ပုံ-Samsung Myanmar

စမတ်ဖုန်းအမှတ်တံဆိပ်တစ်ခုဖြစ်သည့် Samsung က ၎င်း၏မျိုးဆက်သစ် Galaxy S21 စမတ်ဖုန်းစီးရီးများကို ယမန်နေ့ (၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်) က ပြုလုပ်ခဲ့သည့် Global Galaxy Unpacked အခမ်းအနားတွင် မိတ်ဆက်ခဲ့သည်။

Galaxy S21 စမတ်ဖုန်းစီးရီးအသစ်များတွင် အဆင့်မြှင့်တင်ထားသော ပရော်ဖက်ရှင်နယ်အဆင့် ကင်မရာစွမ်းဆောင်ရည်၊ ဒီဇိုင်းတည်ဆောက်ပုံ၊ တစ်နေ့တာလုံး စိတ်တိုင်းကျအသုံးပြုနိုင်မည့် All-day Intelligent Battery နှင့် အခြားစွမ်းဆောင်ရည်မြင့် လုပ်ဆောင်ချက်များ ထည့်သွင်းပေးထားခြင်းဖြစ်သည်။

Galaxy S21 စမတ်ဖုန်းအသစ်ကြိုတင်မှာယူလိုသည့် မြန်မာနိုင်ငံမှ သုံးစွဲသူများအတွက် Samsung Myanmar သည် ကြိုတင်မှာယူမှုများကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၃ ရက်နေ့အထိ စာရင်းကောက်ခံပေးသွားမည်ဖြစ်သည်။

ကြိုတင်မှာယူမှုဈေးနှုန်း မြန်မာငွေကျပ် ၁,၅၅၉,၀၀၀ ကျသင့်မည့် Galaxy S21+ (8 GB RAM / 256 GB ROM) စမတ်ဖုန်းကို ငွေရောင်၊ အနက်ရောင်နှင့် ခရမ်းရောင် အရောင် ၃ ရောင် အနက် ကြိုက်နှစ်သက်ရာ ရွေးချယ်မှာယူနိုင်မည်ဖြစ်ပြီး Galaxy S21 Ultra စမတ်ဖုန်းကိုမူ 12 GB RAM / 256 GB ROM version အား ကြိုတင်မှာယူမှုဈေးနှုန်း မြန်မာငွေကျပ် ၁,၉၄၉,၀၀၀ ဖြင့်လည်းကောင်း၊ 16 GB RAM / 512 GB version ကိုကြိုတင်မှာယူမှု ဈေးနှုန်း မြန်မာငွေကျပ် ၂,၀၄၉,၀၀၀ ဖြင့်လည်းကောင်း အသီးသီးမှာယူနိုင်မည်ဖြစ်ကာ Version နှစ်မျိုးလုံးကို ငွေရောင်နှင့် အနက်ရောင် အရောင် ၂ ရောင်အနက် ကြိုက်နှစ်သက်ရာ ရွေးချယ် မှာယူနိုင်မည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဈေးကွက်အတွက် ပထမဆုံးအကြိမ်အဖြစ်သုံးစွဲသူများသည် ယခု Galaxy S21 စမတ်ဖုန်းများကို အခြားနိုင်ငံတကာဈေးကွက်များနည်းတူ 5G Version ဖြင့် ရရှိသွားနိုင်မည်ဖြစ်သည်။

ကြိုတင်မှာယူလိုသူများသည် ကနဦးပေးသွင်းငွေ မြန်မာငွေကျပ် ၁၀၀,၀၀၀ ပေးသွင်းပြီးသည်နှင့် ၎င်းတို့၏ Samsung Galaxy S21 စမတ်ဖုန်းအသစ်များကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၁၃ ရက်နေ့အတွင်း ကြိုတင်မှာယူထားသော ဖုန်းအရောင်းဆိုင်ကြီးများတွင် လက်ကျန်ဖုန်းတန်ဖိုးငွေအပြည့် ပေးသွင်း၍ သွားရောက်ထုတ်ယူနိုင်မည်ဖြစ်ပြီး အပိုထပ်ဆောင်းလက်ဆောင်များကိုလည်း အသီးသီးရရှိမည်ဖြစ်သည်။

Galaxy S21 စီးရီးစမတ်ဖုန်းများကို မြန်မာနိုင်ငံတွင် လာမည့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့၌ တရားဝင် မိတ်ဆက်သွားမည်ဖြစ်ကာ ယင်းမိတ်ဆက်ပွဲကို အခြားသောအစီအစဉ်များစွာနှင့်အတူ Samsung Myanmar ၏ တရားဝင် Facebook စာမျက်နှာ (https://www.facebook.com/Samsung Myanmar/) မှတစ်ဆင့် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ ❍ S-07

# ကပ်ရောဂါကာလ မဖြစ်မနေ ဈေးဝယ်ထွက်ကြမယ်ဆိုရင်




လူသားများသက်တမ်းစေ့နေထိုင်နိုင်ရန်အတွက် အာဟာရပြည့်ဝဖို့လိုအပ်ပါတယ်။ ကိုဗစ်ဟူသော အခက်အခဲ အကျပ်အတည်းကာလမှာ အာဟာရပြည့်ဝဖို့၊ ဗိုက်ဝစေဖို့ တစ်နေ့စာတစ်နေ့ဖြေရှင်းကြရသူတွေအများကြီး။ ဒါ့ကြောင့် ကိုဗစ်ကာလ၊ ကပ်ဘေးကာလမှာ ဈေးသွားတဲ့အခါ မဖြစ်မနေပြုလုပ်ရမယ့်အရာတွေကို မျှဝေပေးချင်ပါတယ်။

**- ဈေးသွားတော့မယ်ဆိုတာနဲ့ လက်ဆေးခြင်းကို ဦးစွာလုပ်ပါ**

လက်ဆေးတဲ့နေရာမှာလည်း စက္ကန့် (၂၀)ကြာတဲ့အထိ ဆေးကြောပေးဖို့လိုပါတယ်။ ပြီးတစ်ဆက်တည်း လက်ဆေးပြီးတာနဲ့ နှာခေါင်းစည်းကိုလည်း တပ်ဆင်ထားပါ။ ပြီးဈေးသည်တွေဆီမှ ပြန်အမ်းတဲ့ပိုက်ဆံတွေထည့်ဖို့၊ မိမိတို့ပါသွားမယ့် ပိုက်ဆံတွေထည့်ဖို့ အိတ်သန့်တစ်လုံးကို ရှာသင့်ပါတယ်။ ယခင်ကာလများကလို ဈေးသည်ဆီမှ ပြန်အမ်းလိုက်တဲ့ငွေတွေကို အတွင်းအကျီထဲထည့်ခြင်းမျိုး လုပ်လို့မရတော့ဘူးဆိုတာ သတိပြုထားသင့်ပါတယ်။

**ကိုယ်နဲ့အတူယူသွားမယ့်ပစ္စည်းတွေကို ပိုးသတ်ထားဖို့လိုပါတယ်။**

ကိုယ်နဲ့အတူယူသွားမယ့်ပစ္စည်းတွေကို အရက်ပြန်သုတ်ထားတဲ့ ဝါဂွမ်းနဲ့ ပွတ်ပေးဖို့ လိုပါတယ်။ ဥပမာ - လက်ကိုင်အိတ်၊ လက်ကိုင်ဖုန်း စသည်ဖြင့်...။ သတိထားရမှာက သည်ကာလမှာ အပြင်သွားတဲ့အခါ လိုအပ်တဲ့ပစ္စည်းတွေကိုသာ ယူသွားစေချင်တယ်။ အကောင်းဆုံးကတော့ ရော်ဘာလက်အိတ်(သို့)ပလတ်စတစ်လက်အိတ်ဖြစ်ဖြစ် ဝတ်ဆင်သွားသင့်ပါတယ်။ နှာခေါင်းစည်း အပိုကိုလည်း ကိုယ်နဲ့အတူ ဆောင်သွားသင့်တယ်။

**ဈေးရောက်တဲ့အခါ လူစုလူဝေးကို ရှောင်ပါ။**

ဈေးကိုသွားပါတယ်ဆိုမှ လူစုလူဝေးကို ရှောင်လို့ရမလားလို့ ပြန်မေးစရာရှိပါတယ်။ ဒါပေမဲ့ လူများတဲ့နေရာကိုရှောင်ပြီး ဈေးဝယ်ဖို့ပြောလိုတာပါ။ တစ်ယောက်နဲ့တစ်ယောက် ဝေးနိုင်သမျှဝေးနိုင်အောင် နေသင့်ပါတယ်။ မိမိမျက်နှာကို လက်နဲ့ မကြာခဏကိုင်ခြင်းမျိုး မဖြစ်စေဖို့ ဂရုပြုရပါမယ်။

**စကားတွေနီးကပ်စွာ ပြောတာကို ရှောင်ပါ။**

အရင်အချိန်တွေလို တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး စကားတွေပြော၊ ရယ်မောတာတွေကို ရှောင်ကြဉ်သင့်ပါတယ်။

**လက်ဆွဲနှုတ်ဆွဲတာကိုလည်း ရှောင်ပါ။**

ဈေးမှာတစ်ယောက်နဲ့တစ်ယောက်တွေ့လို့ ယဉ်ကျေးမှုအရ လက်ဆွဲနှုတ်ဆက်တာမျိုးကိုလည်း ရှောင်ကြဉ်ပါ။ လက်ဆွဲနှုတ်ဆက်မယ့်အစား ပြုံးပြပြီး နှုတ်ဆက်တာမျိုး ပြုလုပ်ပေးလိုက်ပါ။

**နှာခေါင်းစည်းတွေကို အမြဲတပ်ထားပါ။**

ပူတယ်၊ မွန်းတယ်ဆိုပြီး နှာခေါင်းစည်းတွေကို ချွတ်ပစ်ခြင်းမျိုး ရှောင်သင့်ပါတယ်။ အသုံးပြုပြီးသော နှာခေါင်းစည်းတွေကိုလည်း စနစ်တကျစွန့်ပစ်ဖို့ကိုလည်း ဂရုပြုသင့်ပါတယ်။ လက်သန့်ဆေးရည်တွေကို ကိုယ်နဲ့မကွာ ဆောင်ထားသင့်ပါတယ်။ ဈေးထဲမှာ ချောင်းဆိုးဖြစ်တဲ့အခါ နှာခေါင်းနဲ့ပါးစပ်ကို တစ်သျှူးစနဲ့အုပ်ပြီး ဆိုးသင့်ပါတယ်။ အသုံးပြုပြီးတစ်သျှူးတွေကိုလည်း စနစ်တကျစွန့်ပစ်ဖို့ လိုအပ်ပါတယ်။

**ဈေးဝယ်တဲ့အခါမှာ အာဟာရဖြစ်တာတွေ ရွေးဝယ်ပါ။**

ယခုကာလမှာ ကိုယ်ခံအားကောင်းဖို့ လိုအပ်ပါတယ်။ ဒါ့ကြောင့် လတ်ဆတ်တဲ့ အသီးအနှံတွေ၊ အသားငါးတွေကို စားပေးဖို့လိုအပ်ပါတယ်။ အသားငါးတွေဝယ်ရာမှာလည်း လတ်ဆတ်တာကိုရွေးဝယ်သင့်သလို ဟင်းသီးဟင်းရွက်တွေနဲ့ရောနှောထည့်ခြင်းမျိုးကို ရှောင်သင့်တယ်။



**ဈေးကနေ အိမ်ပြန်တဲ့အခါ**

အိမ်ထဲမဝင်ခင် ကိုယ့်ရဲ့ပစ္စည်းတွေကို ပိုးသတ်ပေးပါ။ အပြင်ကစီးလာတဲ့ ဖိနပ်ကိုလည်း အိမ်ခန်းအပြင်ဘက်မှာ ထားခဲ့ပါ။ ဈေးမှာ ဝတ်ခဲ့တဲ့အဝတ်အစားတွေကို သီးသန့်ခွဲထားပြီး ဆပ်ပြာနဲ့စိမ်ထားသင့်ပါတယ်။ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ဈေးကပြန်ပြန်လာချင်း ရေချိုးလိုက်ပါ။ ဈေးကိုအမြဲသွားနေရသူဆို ကိုယ့်ရဲ့ ဈေးသွားတဲ့ အဝတ်အစားကိုလည်း သီးသန့်ခွဲခြားထားသင့်ပါတယ်။ အသားငါးတွေ ချက်ပြုတ်ရမှာလည်း ကျက်အောင် ချက်စားသင့်ပါတယ်။ ဟင်းသီးဟင်းရွက်တွေ ချက်စားတဲ့နေရာမှာလည်း ပိုးသတ်ဆေးများ ကင်းစင်အောင် ဆားရေစိမ်ပြီးမှ ချက်တာမျိုးတွေပြုလုပ်သင့်ပါတယ်။ အခိုကကတော့ အခက်အခဲအကြပ်အတည်းကာလမှာ အာဟာရပြည့်ဝအောင်စားရမယ်။ အိပ်ရေးဝဝလည်း အိပ်မယ်၊ အိမ်အပြင်ထွက်လိုက်တာနဲ့ ရောဂါကာကွယ်တဲ့အရာတွေကိုစနစ်တကျကျင့်သုံးသွားမယ်ဆို ကိုဗစ်ဆိုတဲ့ကပ်ဘေးရန်က ကာကွယ်နိုင်မှာပါ။ ❍

# စစ်ရှောင်စခန်းက ရခိုင်အမျိုးသမီးငယ်များ၏ မျှော်လင့်ခြင်း ပွဲတင်သံ

သန့်ရှင်းထွန်း / Honest Information



အလျားဆယ်ပေကျော်နှင့် အနံခြောက်ပေခန့်သာရှိပြီး ဓနိမိုး၊ ဝါးထရံကာ အဆောက်အအုံလေးက အစိုးရနှင့် ပုဂ္ဂလိက သက်မွေးလက်မှု သင်တန်းကျောင်း တစ်ခုကဲ့သို့ မခမ်းနားသော်လည်း နေ့စဉ်နှင့်အမျှ အလုပ်ရုံတစ်ခုကဲ့သို့ အလုပ်လုပ်နေကြသည်။

အပ်ချုပ်စက် နင်းလိုက်တိုင်းထွက်လာသည့် 'ဒတ်... ဒတ်... ဒတ်...' ဆိုသည့်အသံက ဝါးထရံကြားက စည်းချက်ကျကျ တိုးထွက်လာလေ့ရှိသည်။ တစ်ခါတစ်ရံတွင်တော့ အဝတ်အထည်တစ်ခုကို ဘယ်လိုဘယ်နည်း ချုပ်လုပ်ရသည်ဆိုသည့် သင်ကြားပြသနေသည့်အသံများကိုလည်း ကြားရနိုင်သည်။

အဆိုပါအဆောက်အအုံလေးက ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ ရန်အောင်မြေစစ်ရှောင်စခန်းအဝင် လမ်းတစ်နေရာ တောင်စောင်းတွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ယင်းနေရာတွင် စစ်ရှောင်စခန်းရှိ ဆယ်ကျော်သက်အရွယ်အမျိုးသမီးငယ်များက စက်ချုပ်ပညာသင်ကြားကြသည်။

ဓနိမိုး၊ ဝါးထရံကာအဆောက်အအုံက ကြီးကျယ်ခမ်းနားမှုမရှိလှသော်လည်း အဆောက်အအုံထဲက သင်တန်းသူ အမျိုးသမီးငယ်များ၏ မျှော်လင့်ချက်နှင့် အိပ်မက်များကတော့ ကြီးကျယ်ခမ်းနားလှသည်။ စစ်ရှောင်စခန်းက ဘယ်အချိန် အိမ်ပြန်ရမည်ဆိုသည်က မသေချာသေးသော်လည်း အချိန်ကုန်ခံစိတ်အားငယ်နေခြင်းမရှိဘဲ အခက်အခဲများကြားက ရနိုင်သည့် အသက်မွေးဝမ်းကျောင်းပညာကို ရသလိုသင်ယူနေကြသည်။

အိမ်ပြန်ချိန်က မသေချာသေးသော်လည်း အိမ်ပြန်ရောက်ပါက အနာဂတ်ဘဝအတွက် ကြိုတင်ပြင်ဆင်စရာရှိသည်များကို ကြိုတင်ပြင်ဆင်နေကြသည်။

အဆိုပါအဆောက်အအုံလေးတွင် စက်ချုပ်သင်တန်းဆရာမအဖြစ် အသက် ၂၅ နှစ်ကျော်အရွယ် မနွယ်နွယ်နှင့် စက်ချုပ်သင်နေသူ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်သုံးဦးရှိသည်။

"အစကတည်းက အလုပ်အကိုင်ရှားတဲ့ ရခိုင်ပြည်မှာ ကံအကျိုးပေးမလှတော့ စစ်ရှောင်စခန်းကို ရောက်လာတယ်။ ဒီကြားထဲ ကိုဗစ်ကဖြစ်လိုက်တော့ ရှေ့ဆက်ရှင်သန်ဖို့လမ်းစမမြင်တော့ဘူး" ဟု ရန်အောင်မြေ စစ်ရှောင်စခန်းက အသက် ၂၀အရွယ် မခိုင်သဇင် သက်ပြင်းချ၍ ပြောသည်။

စက်ချုပ်ဆရာမဖြစ်သူ မနွယ်နွယ်က အပ်ချုပ်သင်တန်းကို အခမဲ့သင်ကြားပေးနေခြင်းမဟုတ်သော်လည်း တခြားစက်ချုပ်ဆရာမများထံတွင်သင်လျှင် ပေးရသည့်စျေးနှုန်းထက် လျှော့ပေးထားသည်ဟုဆိုသည်။ ထို့အပြင် စစ်ရှောင်စခန်းရှိ မိသားစုဝင်များအတွက် လိုအပ်သောအထည်များကို ချုပ်ပေးခြင်းဖြင့် ဝင်ငွေတစ်ခုရရှိနေသည်ဟု ဆိုသည်။

"စစ်ရှောင်အချင်းချင်းတော့ ဖြစ်နေတော့ ကျွန်မလည်း အဆင်ပြေ၊ သင်ရတဲ့သူလည်း အဆင်ပြေအောင် အပ်ချုပ်နည်း အတတ်တစ်ဦး နှစ်သိန်းကျပ်ယူပါတယ်။ စက်ပျက်ရင် ပြင်ရတဲ့စရိတ်လည်းရှိတယ်လေ" ဟု ပြောသည်။ တခြား စက်ချုပ်ဆရာမများတွင် အပ်ချုပ်နည်းသင်ပါက တစ်ဦးကို ကျပ်လေးသိန်းကျော် ငါးသိန်းထိပေးရသည်ဟု သူမက ဆက်ပြောသည်။

သို့သော် အသက်မွေးဝမ်းကျောင်းပညာသင်ကြားဖို့ စိတ်ကူးရှိတိုင်း သင်ကြားခွင့်မရရှာသည့် အမျိုးသမီးငယ်များလည်း ရှိနေသေးသည်။

တခြားအမျိုးသမီးငယ်များနည်းတူ ကိုဗစ်ကြောင့် ကျောင်းများပိတ်ထားချိန်တွင် လက်မှုပညာတစ်ခုကို သင်ကြားချင်သော်လည်း ငွေကြေးမတတ်နိုင်၍ စက်ချုပ်နည်းကို မသင်နိုင်ဖြစ်နေသည်ဟု ရန်အောင်မြေစစ်ရှောင်စခန်းက အသက် ၁၇ နှစ်အရွယ် ဆယ်တန်းကျောင်းသူ မဖြူဖြူလှိုင်က ပြောသည်။

"စခန်းမှာရှိတဲ့ယောကျ်ားတွေက အပြင်ထွက်အလုပ်လုပ်လို့ရပါတယ်။ ကျွန်မတို့မိန်းကလေးတွေက အဲလိုတွေလုပ်ဖို့ သိပ်အဆင်မပြေပါဘူး။ စက်ချုပ်နည်းလေးတတ်သွားရင်တော့ အသက်မွေးလို့ရမှာပါ" ဟု မဖြူဖြူလှိုင်က စက်ချုပ်နည်းသင်ချင်စိတ် ပြင်းပြစွာဖြင့် ပြောသည်။

"ကျွန်မလည်း ဖြူလှိုင်လိုပါပဲ" ဟု မဖြူဖြူလှိုင်၏သူငယ်ချင်းဖြစ်သူက ဝင်ပြောသည်။

ရခိုင်ပြည်နယ်တွင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းကစ၍ တပ်မတော်နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) တို့၏ တိုက်ပွဲများကြောင့် ရခိုင်ရှိ မြို့နယ် ၇ မြို့နယ်က လူဦးရေ ၈၀,၀၀၀ ခန့်မှာ မြို့နယ် ၉ မြို့နယ်ရှိ စစ်ရှောင်စခန်း ၁၅၀ ကျော်တွင် ခိုလှုံနေကြပြီး ထိုအထဲမှ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ကြောင်း ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ အစည်းအရုံး (REC) ၏ စာရင်းတွင် ဖော်ပြသည်။

စစ်ရှောင်စခန်းရောက်အမျိုးသမီး ၄၃,၀၀၀ ကျော်အနက် အလုပ်လုပ်နိုင်သူ အမျိုးသမီးဦးရေမှာ ၇၀ ရာခိုင်နှုန်းရှိပြီး ပညာဆက်လက်မသင်နိုင်ဘဲ ကျောင်းထွက်လိုက်ရသည့် ကျောင်းသူများစွာလည်း ရှိနေကြောင်း ရခိုင်အမျိုးသမီးကွန်ရက်ဉက္ကဋ္ဌ ဒေါ်ညိုအေးက ပြောသည်။

ရခိုင်ပြည်နယ်တွင် ပဋိပက္ခများကြောင့် စစ်ရှောင်စခန်းများတွင် ခိုလှုံနေရသော မိသားစုဝင်များအတွက် စားသောက်ရေးနှင့် ယာယီနေထိုင်ရေးကိစ္စများကို အစိုးရအပါအဝင် လူမှုအဖွဲ့အစည်းများက ဦးစားပေးဆောင်ရွက်နေသော်လည်း ယင်းတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးမှုမှာ မရှိသလောက်နည်းပါးနေသည်။

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံးပြည်နယ်တစ်ခုဖြစ်နေပြီး မကြာခဏဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များ စိတ်ဝင်စားမှုအားနည်းကာ အလုပ်အကိုင်အခွင့်အလမ်းမှာ ပိုမိုရှားပါးနေခြင်းဖြစ်ပြီး မိမိတို့နေထိုင်သောရွာကိုစွန့်ခွာ၍ စစ်ရှောင်စခန်းများသို့ လာရောက်ခိုလှုံနေရသော မိသားစုများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဆုံးရှုံးနေရသည်ဟု အပ်ချုပ်စက်ဆရာမ မနွယ်နွယ်က ပြောသည်။

လူဦးရေ ၂၅၀၀ ကျော်ခိုလှုံနေသော ဘူးသီးတောင်မြို့ လမ်းမစစ်ရှောင်စခန်းတွင် အပ်ချုပ်စက်တချို့ကို နိုင်ငံခြားအင်န်ဂျီအိုအဖွဲ့တစ်ခုက လာရောက်လှူဒါန်းထားသော်လည်း သင်ကြားပြသပေးမည့်သူမရှိခြင်း၊ သင်ပြသူအတွက် တစ်စုံတစ်ရာထောက်ပံ့ရန်ငွေကြေးမတတ်နိုင်ခြင်းကြောင့် အပ်ချုပ်စက်များကို စုပုံထားရသည်ဟု လမ်းမစစ်ရှောင်စခန်း အတွင်းရေးမှူးဦးကျော်ဝင်းက ပြောသည်။

"စက်ချုပ်ပညာကိုတော့ သင်ချင်ကြပေမယ့် သင်ပြပေးမယ့်ဆရာမကို ထောက်ပံ့ပေးဖို့၊ စက်ပျက်လို့ရှိရင် လုပ်ဖို့နဲ့ သင်ထောက်ကူပစ္စည်းတွေ မဝယ်နိုင်တာကြောင့် စက်တွေကို ဒီအတိုင်းစုပုံထားရပါတယ်" အပ်ချုပ်စက်ခုံများကို လက်ညှိုးညွှန်၍ ဦးကျော်ဝင်းက ပြောပြသည်။

အကယ်၍ စစ်ရှောင်စခန်းများရှိအမျိုးသမီးငယ်များတွက် စက်ချုပ်နည်းသင်တန်းများကို အစိုးရ (သို့မဟုတ်) လူမှုကူညီရေးအဖွဲ့အစည်းတစ်ခုခုက စနစ်တကျ ဖွင့်လှစ်သင်ကြားပေးမည်ဆိုပါက စစ်ရှောင်စခန်းမှ နေရပ်ပြန်သွားခဲ့လျှင် အဆိုပါပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည်ဟု စက်ချုပ်ဆရာမ မနွယ်နွယ်ထံတွင် မကြာခဏ အထည်များလာအပ်နေသော ဘူးသီးတောင်မြို့ခံ မလင်းလင်းက ပြောသည်။

"စက်ဆရာမမနွယ်ကို အားပေးတဲ့အနေနဲ့ အထည်တွေကိုတခြားစက်ဆရာမတွေဆီမှာမအပ်ဘဲ တမင်လာအပ်တာပါ" ဟု မလင်းလင်းက ဆိုသည်။

စစ်ရှောင်စခန်းများတွင်ခိုလှုံနေရသော အမျိုးသမီးငယ်များကို စက်ချုပ်နည်း သင်ကြားပေးခြင်းဖြင့် ရန်ကုန်မြို့ထိသွားရောက်၍ အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ကိုင်စရာမလိုဘဲ မိမိကျေးရွာများသို့ ပြန်ရောက်သည့်အခါ စက်ချုပ်၍ အသက်မွေးဝမ်းကျောင်းပြုခြင်းဖြင့် အဆင်ပြေနိုင်သည်ဟု မဖြူဖြူလှိုင်၏မိခင်က ပြောသည်။

"စက်ချုပ်တတ်တာက သက်မွေးပညာတစ်ခုပါ။ အဲဒီပညာလေးတတ်သွားရင် သမီးလေးက အိမ်နဲ့ဝေးတဲ့နေရာကိုသွားပြီး အလုပ်လုပ်စရာမလိုတော့ဘူးလေ။ အဲဒါကြောင့် သမီးလေးကို စက်ချုပ်သင်နိုင်ဖို့ ကြိုးစားနေပါတယ်" ဟု မဖြူဖြူလှိုင်၏မိခင်က ၎င်းဖြစ်စေချင်သောဆန္ဒကို ပြောသည်။

ရခိုင်ရှိ စစ်ရှောင်စခန်းများက အမျိုးသမီးများအတွက် သက်မွေးလုပ်ငန်းများအဖြစ် အခြေခံစက်ချုပ်သင်တန်းများ၊ ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်လုပ်ငန်းများနှင့် အိမ်တွင်းမုန့်လုပ်ငန်းသင်တန်းများကို ဖန်တီးပေးခြင်းဖြင့် စစ်ရှောင်စခန်းများ၌သာမက ၎င်းတို့၏ဘဝရှေ့ရေးအတွက်လည်း အသုံးဝင်သော ပညာရပ်များဖြစ်သည့်အတွက် အစိုးရသော်လည်းကောင်း၊ လူမှုကူညီရေးအဖွဲ့များကသော်လည်းကောင်း အလုပ်အကိုင်ဖန်တီးပေးသင့်ကြောင်း ရခိုင်အမျိုးသမီးကွန်ရက်ဉက္ကဋ္ဌ ဒေါ်ညိုအေးက အကြံပြုသည်။

"ပညာတတ်တဲ့ ကလေးမလေးတွေဆိုရင် အခြေခံကွန်ပျူတာသင်တန်း၊ တခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်တွေ သင်ပေးလို့ရှိရင် ကလေးမတွေအတွက် တော်တော်လေးကို အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်" ဟု ဒေါ်ညိုအေးကဆိုသည်။

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် ရခိုင်ပြည်နယ်သည် အလုပ်လက်မဲ့ဦးရေ ရာခိုင်နှုန်းအများဆုံးပြည်နယ်ဖြစ်နေပြီး အသက် ၁၅ နှစ်မှ ၆၄ နှစ်ကြား အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ၁၀ ဒသမ ၄ ရာခိုင်နှုန်းရှိသည်ဟု ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်

စာ 15 သို့

# အချိန်ကြာမြင့်စွာပိတ်ထားခဲ့ရသည့် မန္တလေးကုန်စည်ဒိုင် ပြန်ဖွင့်မည်

**မန္တလေး၊ ဇန်နဝါရီ ၁၉**


ဓာတ်ပုံ-ဘုန်းမြတ်

မန္တလေးခရိုင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ညွှန်ကြားချက်အရ အချိန်ကြာမြင့်စွာ ပိတ်ထားခဲ့ရသည့် မန္တလေးကုန်စည်ဒိုင်ကို ဇန်နဝါရီ ၂၁ ရက်တွင် ပြန်ဖွင့်မည်ဖြစ်ကြောင်း အဆိုပါအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောကြားသည်။

COVID-19 ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မန္တလေး ကုန်စည်ဒိုင်ကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၁ ရက်က စတင်ပိတ်ထားခဲ့ခြင်းဖြစ်ပြီး လေးလနီးပါးကြာမြင့်ခဲ့ပြီဖြစ်သည်။

ကုန်စည်ဒိုင် ပြန်ဖွင့်လှစ်ခွင့်ရရှိပါက အသင်းသူ၊ အသင်းသားများအတွက် ကောင်းမွန်သလို ဈေးကွက်ကိုလည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဦးမျိုးဆွေက ပြောဆိုသည်။

"ဖုန်းကနေ အရောင်းအဝယ် လုပ်တာထက်စာရင် ပိုပြီးတော့ကောင်းတာပေါ့၊ ဒီမှာဆို ဝယ်လက်အစုံလာမယ်၊ ဝယ်လက်အစုံလာရင် တစ်ယောက်နဲ့တစ်ယောက် ဈေးပြိုင်ဖြစ်တာပေါ့၊ လိုင်းပေါ်မှာရောင်းတာတော့ အပြိုင်မဖြစ်ဘူးပေါ့" ဟု ၎င်းက ရှင်းပြသည်။

မန္တလေးကုန်စည်ဒိုင်ကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များကိုမလိုက်နာပါက ပထမအကြိမ်တွင် သတိပေးခြင်း၊ ဒုတိယအကြိမ်တွင် ဝင်ခွင့်ခုနစ်ရက်ပိတ်ခြင်း၊ တတိယအကြိမ်တွင် ဝင်ခွင့် ၁၅ ရက်ပိတ်ပင်ခြင်းနှင့် စတုတ္ထအကြိမ်တွင် စည်းကမ်းထိန်းသိမ်းရေးနှင့် ဂိတ်အဝင်အထွက် စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်တိုင်း လိုက်နာရမည်ဟု ထုတ်ပြန်ထားသည်။

ပွဲစား ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေး ကုန်စည်ဒိုင်) သည် လယ်ယာထွက်သီးနှံများ အဓိကရောင်းဝယ်ရာ ဈေးကွက်ကြီးတစ်ခုဖြစ်ပြီး ချမ်းအေးသာစံမြို့နယ် ၈၆ လမ်းနှင့် ၃၂ လမ်းနှင့် ၃၃ လမ်းကြားတွင် ရှိသည်။ ❍

**ဘုန်းမြတ်**

# ပလိပ်မြို့တွင် သုံးရက်အတွင်း နှာခေါင်းစည်းမတပ်သူ ၁၂၀ ကျော်ဖမ်းမိ

**မန္တလေး၊ ဇန်နဝါရီ ၁၉**

ပလိပ်မြို့၌ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်း Mask မတပ်သူများကို ဖမ်းဆီးပညာပေးလျက်ရှိရာ သုံးရက်အတွင်း ၁၂၀ ကျော်ဖမ်းမိခဲ့ကြောင်း ဖမ်းဆီးရေးအဖွဲ့ထံမှ သိရသည်။

Mask တပ်ဆင်ခြင်းမရှိသူများကို ဖမ်းဆီး၍ အသိပညာပေးပြီး ပြန်လွှတ်ပေးကြောင်း၊ Mask မတပ်သူ တစ်ဦးလျှင် Mask ၁၀ ခုနှုန်း ဝယ်ယူစေကြောင်း ဖမ်းဆီးရေးအဖွဲ့မှ ရပ်ကွက်ရာအိမ်မှူးတစ်ဦးက ပြောကြားသည်။

ထိုသို့ ကိုဗစ်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် Mask တပ်ဆင်ခြင်းမရှိသူများကို ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ အသိပညာပေး လှုပ်ရှားမှုတစ်ခုအနေဖြင့် ဖမ်းဆီးခဲ့ရာ သုံးရက်အတွင်း Mask မတပ်သူ ၁၂၄ ဦး ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အသိပညာပေးလှုပ်ရှားမှုကို ပလိပ်နယ်မြေရဲစခန်း၊ ရပ်ကွက်ရာအိမ်မှူးများ၊ သစ္စာပါရမီ လူမှုကူညီရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

**S-02**


ဓာတ်ပုံ-မောင်ရဲနွေ

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၀၃၉၆၀၀၀၆၊ ၀၉ ၄၀၃၉၆၀၀၀၇၊ ၀၉ ၄၀၃၉၆၀၀၀၈

# ချောက်မြို့ရှိ CB Bank မှ ဝန်ထမ်းလေးဦးတွင် ကိုဗစ်ပိုးတွေ့

ချောက်၊ ဇန်နဝါရီ ၁၉

ချောက်မြို့ အမှတ် ၁၁ နယ်မြေ ဗဟိုကွက်သစ်ရပ်ကွက်၊ ဗန္ဓုလလမ်းရှိ CB ဘဏ်ခွဲမှ ဘဏ်ဝန်ထမ်းလေးဦးတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိခဲ့သည့်အတွက် ယင်းဘဏ်ခွဲကို ဇန်နဝါရီ ၁၈ ရက်နေ့မှ စတင်ကာ ငါးရက်ပိတ်ထားမည်ဟု ချောက်မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးက ပြောဆိုသည်။

ဇန်နဝါရီလ ၁၈ ရက်နေ့ မွန်းလွဲပိုင်းက ချောက်မြို့ အာရှရပ်ကွက် ဘုန်းကြီးကျောင်းတွင် နေထိုင်သည့် အသက် ၂၉ နှစ်အရွယ် CB ဘဏ်ဝန်ထမ်း အမျိုးသားတစ်ဦးနှင့် ယင်းကျောင်းတွင် သီတင်းသုံးနေထိုင်သော အသက် ၃၈ နှစ်အရွယ် ဦးပဉ္စင်းတစ်ပါး အနံ့ပျောက်ခဲ့သဖြင့် စစ်ဆေးရာမှ ၎င်းတို့နှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ခဲ့ခြင်းဖြစ်သည်ဟု ချောက်မြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနထံမှ သိရသည်။

"ကျွန်တော်တို့က CB ဘဏ်နဲ့ ဆက်သွယ်ပြီးတော့ ဝန်ထမ်းနဲ့ထိစပ်တဲ့လူ ဘယ်လောက်ရှိနိုင်လဲ မေးလိုက်တယ်။ အဲဒီလိုမေးတဲ့အချိန်မှာ CB ဘဏ်ဝန်ထမ်းအမျိုးသမီးတစ်ယောက် နေမကောင်းဖြစ်နေတာရှိတယ်။ သူ့ကိုပါ တစ်ခါတည်း စစ်လိုက်တဲ့အခါမှာ Positive တွေ့ပါတယ်" ဟု မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးသက်ဦးက ပြောကြားသည်။



ဓာတ်ပုံ - နေနိုင်

အဆိုပါ CB ဘဏ်ခွဲရှိဝန်ထမ်းများဟိုတယ် Quarantine ဝင်နေစဉ် ဇန်နဝါရီလ ၁၉ ရက်နေ့က ဘဏ်ဝန်ထမ်း အမျိုးသားနှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံထားရသည်ကို ထပ်မံတွေ့ရှိခဲ့ကြောင်း၊ လက်ရှိတွင် ချောက်မြို့ CB ဘဏ်ခွဲမှ ဝန်ထမ်းအမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း လေးဦးတွင် ပိုးတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု မြို့နယ်ဆရာဝန်ကြီးက ရှင်းပြသည်။

ချောက် CB ဘဏ်ခွဲတွင် ဇန်နဝါရီလ ၁၄ ရက်မှ စတင်ကာ (ကြာသပတေး၊ သောကြာ၊ တနင်္လာ) နေ့တို့တွင် ငွေသွင်း၊ ငွေထုတ် လာရောက်ခဲ့သူများအနေဖြင့် မိမိတို့နေအိမ်တွင် နေထိုင်ခြင်းနှင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အနံ့ပျောက်ခြင်း အစရှိသော ကိုဗစ်လက္ခဏာတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ဆက်သွယ်အကြောင်းကြားရန် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မေတ္တာရပ်ခံအပ်ထားသည်။

လက်ရှိတွင် ရေနံမော်တော်ယာဉ် ဘုန်းကြီးကျောင်းကိုလည်း အသွားအလာ ကန့်သတ်ထားပြီး ပိုးတွေ့လူနာဦးပဉ္စင်း ဆွမ်းခံကြွခဲ့သော နေအိမ် ၂၀ မှမိသားစုဝင်များအနေနှင့် Home Quarantine အဖြစ် နေထိုင်ပေးရန် မြို့နယ်ဆရာဝန်ကြီးက မေတ္တာရပ်ခံထားသည်။

ချောက်မြို့တွင် ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါပိုး တွေ့သူ ၁၃၁ ဦးရှိခဲ့ပြီး တစ်ရာကျော် ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံဆင်းခွင့် ရရှိပြီးဖြစ်သည်။ ❍

R-11

# ချောက်မြို့၌ လေးကောင်ဂျင်ဝိုင်းကို တိုင်းရဲတပ်ဖွဲ့ဝင်ဖမ်း၊ လူသုံးဦးနှင့် ဆိုင်ကယ်ခြောက်စီး ဖမ်းမိ

ချောက်၊ ဇန်နဝါရီ ၁၉



ဓာတ်ပုံ ရဲတပ်ဖွဲ့

ချောက်မြို့နယ် မိုလာကျေးရွာ အနောက်ဘက် စလေမြို့သွားကားလမ်းဘေး တောင်ယာအတွင်းရှိ ထနောင်းပင်အောက်တွင် လောင်းကစားနေသော လေးကောင်ဂျင်ဝိုင်းကို မကွေးတိုင်းရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီလ ၁၈ ရက်နေ့ ညနေပိုင်းက ဖမ်းဆီးခဲ့ရာ အမျိုးသားသုံးဦးနှင့် ဆိုင်ကယ်ခြောက်စီး ဖမ်းဆီးရမိခဲ့သည်ဟု ချောက်မြို့ရဲတပ်ဖွဲ့ထံမှ သိရသည်။

မကွေးတိုင်းရဲတပ်ဖွဲ့ မှူးခင်းအကူဌာနစိတ်နှင့် ခရိုင်ရဲတပ်ဖွဲ့ မှူးခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲတပ်ဖွဲ့ဝင်များနှင့် ချောက်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

လောင်းကစားနေသူများဖြစ်သည့် ဦးအောင်မြင့် (၆၁) နှစ်၊ ဦးကျော်အေး (၅၆) နှစ်၊ ဦးချစ်ထွေး (၆၀)နှစ်တို့နှင့်အတူ ဆိုင်ကယ်ခြောက်စီး၊ ငွေကျပ် ၃၇,၇၀၀ ၊ လေးကောင်ဂျင် အလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဂျင်သီးတစ်လုံး အပါအဝင် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည်ဟု ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

လေးကောင်ဂျင် လောင်းကစားမှု ပြုလုပ်ခဲ့သည့် ဦးအောင်မြင့်၊ ဦးကျော်အေး၊ ဦးချစ်ထွေးတို့ကို ချောက်မြို့မရဲစခန်း၌ (ပ) ၁၁/၂၀၂၁ ၊ လောင်းကစားဥပဒေ ပုဒ်မ ၁၅ (က) တို့ဖြင့် အမှုဖွင့်ထားသည်ဟု ယင်းစခန်းထံမှ သိရသည်။ ❍

R .11

# ရခိုင်ပြည်နယ်အခြေအနေကို ကျောင်းသားများ ပထမဆုံးအကြိမ်ရှင်း

**စစ်တွေ၊ ဇန်နဝါရီ ၁၉**



မြန်မာနိုင်ငံတစ်ဝန်း ဖမ်းဆီးခံထားရတဲ့ ကျောင်းသားတွေကိစ္စ၊ လက်ရှိရခိုင်ပြည်နယ်ရဲ့ နိုင်ငံရေးအခြေအနေအပေါ် ရက္ခိုင်ပြည်ကျောင်းသားသမဂ္ဂ(ရကသ) ရဲ့သဘောထားနဲ့ ဆက်စပ်ပြီး ပထမဆုံးအကြိမ်အဖြစ် စစ်တွေမြို့ကျောင်းသားသမဂ္ဂရုံးမှာ ဇန်နဝါရီ ၁၈ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။

ရခိုင်ပြည်နယ်အပါအဝင် မြန်မာတစ်နိုင်ငံလုံးက ကျောင်းသားတွေ ဖမ်းဆီးချုပ်နှောင်ခံထားရပြီး တရားစွဲခံရပေမယ့် ရုံးချိန်းတွေခေါ်တာမရှိဘဲ အချိန်ကြာကြာ ရုံးချိန်းနေ့ရက်တွေ ရွှေ့ဆိုင်းနေတာဟာ မဖြစ်သင့်ကြောင်းနဲ့ ဖမ်းဆီးခံကျောင်းသားတွေကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုလိုကြောင်း ရက္ခိုင်ပြည်ကျောင်းသားသမဂ္ဂ (စစ်တွေတက္ကသိုလ်)ဥက္ကဋ္ဌ ကိုတိုးတိုးအောင်က ပြောပါတယ်။

"ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းစစ်ရေးပဋိပက္ခတွေကြောင့် လက်နက်ကြီးကျပြီး သေဆုံးသွားတဲ့ ပညာရေးဝန်ထမ်းအပြင် အပြစ်မဲ့အရပ်သားပြည်သူတွေကို အစိုးရအနေနဲ့ ပြည်သူတွေကို အပြည့်အဝကူညီပေးမှုအားနည်းလို့ ဝေဖန်ထောက်ပြပါတယ်"လို့ ကိုတိုးတိုးအောင်က ပြောပါတယ်။

ရက္ခိုင်ပြည်ကျောင်းသားသမဂ္ဂက ကိုကျော်ငြိမ်းထွန်းကလည်း "ရခိုင်ပြည်နယ်အတွင်း တစ်နှစ်ကျော်ကြာ အင်တာနက်ဖြတ်တောက်ခံထားရတာဟာ လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်ပြီး အင်တာနက်ပြန်လည်ဖွင့်လှစ်ပေးတဲ့မြို့နယ်တွေမှာလည်း 2G အဆင့်သာရရှိပြီး အင်တာနက်လိုင်း မကောင်းတာကြောင့် အသုံးပြုရတာ အဆင်ပြေမှုမရှိဘူး၊ 4G အဆင့်ရှိတဲ့ အင်တာနက်တွေကို အမြန်ဆုံးပြန်လည်ဖွင့်ပေးဖို့ တိုက်တွန်းပါတယ်"လို့ ပြောပါတယ်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုဦးဆောင်တဲ့အစိုးရအနေနဲ့ နေရပ်စွန့်ခွာထွက်ပြေးနေကြရတဲ့ စစ်ဘေးရှောင်တွေအပေါ် ထိရောက်တဲ့ကူညီဆောင်ရွက်မှုတွေ ပြုလုပ်ပေးဖို့ လိုအပ်ကြောင်း ရခိုင်ပြည်ကျောင်းသားသမဂ္ဂ ဘဏ္ဍာရေးမှူး ကိုခိုင်စိုးလင်းက ရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ အောက်တိုဘာလ ၁၉ ရက်နေ့က ရခိုင်ပြည်ကျောင်းသားသမဂ္ဂဦးဆောင်ပြီး စစ်တွေမြို့မှာ အစိုးရနဲ့ တပ်မတော် ဆန့်ကျင်ရေး ဆန္ဒပြခဲ့ကြကာ အဲ့ဒီဆန္ဒပြပွဲမှာ ကျောင်းသားလေးဦး ဖမ်းဆီးခံခဲ့ရပါတယ်။

ဖမ်းဆီးတရားစွဲဆိုခံရတဲ့ ဆန္ဒပြကျောင်းသားတွေကတော့ ရခိုင်ပြည်ကျောင်းသားသမဂ္ဂက သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ကိုကျော်နိုင်ဌေး၊ တွဲဖက်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးသန်းနိုင်၊ ကျောက်ဖြူပညာရေးကောလိပ် ကျောင်းသားသမဂ္ဂက တွဲဖက်အတွင်းရေးမှူး ကိုမြတ်စိုးဝင်းနဲ့ ရန်ကုန်မြို့ဒဂုံတက္ကသိုလ် ရခိုင်ကျောင်းသားသမဂ္ဂက ကိုကောင်းထွန်းတို့ပဲ ဖြစ်ပါတယ်။

သူတို့လေးဦးကို နိုင်ငံတော်အကြည်ညှိုပျက်စေမှု ပုဒ်မ ၅၀၅ (ခ) နဲ့ စစ်တွေမြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး ဇော်နိုင်က စစ်တွေမြို့နယ်တရားရုံးမှာ တရားစွဲတင်ခဲ့ပြီး လက်ရှိအချိန်ထိ အမှုကို တရားရုံးမှာ မစစ်ဆေးရသေးဘဲ စစ်တွေအကျဉ်းထောင်မှာ ဖမ်းဆီးချုပ်နှောင်ထားတယ်လို့ သိရပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်အစိုးရရုံးရှေ့မှာလည်း ပြီးခဲ့တဲ့ ၂၀၂၀ စက်တင်ဘာ ၉ ရက်နေ့က ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကို အယုံအကြည်မရှိကြောင်း အပါအဝင် အချက် ၅ ချက်ကို တောင်းဆိုဆန္ဒပြခဲ့ကြပါတယ်။

ရခိုင်ပြည်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ တိုးတိုးအောင်၊ ပြန်ကြားရေးတာဝန်ခံ ကျော်နိုင်ဌေးနဲ့ ဦးသန်းနိုင်တို့က 4G အင်တာနက်ပြန်ဖွင့်ပေးရေး၊ No Bloody Government ၊ No Murder Army၊ ပြည်နယ်အစိုးရအား အယုံအကြည်မရှိနဲ့ ဖက်ဆစ်လူသတ်ဝါဒ ဆန့်ကျင်ကြ စတဲ့ အချက်တွေနဲ့လည်း ဆန္ဒပြခဲ့ကြပါတယ်။

အဲ့ဒီလို ဆန္ဒပြကျောင်းသားတွေကို မိနစ်ပိုင်းအကြာမှာပဲ ရဲတပ်ဖွဲ့က ဖမ်းဆီးသွားပြီး စက်တင်ဘာလ ၂၂ ရက်နေ့မှာ ငြိမ်းစုစီးပုဒ်မ-(၁၉) နဲ့ တရားစွဲဆိုခံရပြီး အာမခံနဲ့ လွှတ်လာပေမယ့် လက်ရှိအချိန်ထိ အမှုရင်ဆိုင်နေရတာလည်း ဖြစ်ပါတယ်။ ❍

**ထက်အောင်စိုင်း (VOM)**

# မြောက်ဦးမြို့ရှိ ဈေးသည်များ ဈေးရောင်းချရန် နေရာအခက်အခဲနှင့် ရင်ဆိုင်နေရ

**မြောက်ဦး၊ ဇန်နဝါရီ ၁၉**

မြောက်ဦးမြို့မဈေးကြီးက ဈေးသည်အများစုဟာ ကိုဗစ်ကြောင့် နေရာပြောင်းလိုက်ရပြီး ရှေးဟောင်းနန်းတော်ရာအနီးက ဘောလုံးကွင်းကို ရောက်ရှိသွားပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ကိုဗစ်ဒုတိယလှိုင်းဖြစ်တဲ့အချိန်ကစပြီး မြို့တွင်းဈေးကြီးက ဈေးသည်တွေနဲ့ အဝတ်အထည်အပြင် လူသုံးကုန်ပစ္စည်း တစ်ပိုင်တစ်နိုင်ရောင်းဝယ်တဲ့ဈေးသည်တွေကို နေရာပြောင်းရွှေ့လိုက်တာဖြစ်ကြောင်း ဒေသခံတွေနဲ့ ဈေးရောင်းသူတွေဆီက သိရှိရပြီး လက်ရှိမှာ ဈေးရောင်းချတဲ့ နေရာအခက်အခဲနဲ့ ရင်ဆိုင်နေရကြောင်း ဈေးသည်တွေက ပြောပါတယ်။

ကိုဗစ်ကြောင့် မြို့မဈေးကြီးကနေပြောင်းရွှေ့လိုက်ရတဲ့ အဲဒီဘောလုံးကွင်းဈေးက ဈေးသည်တစ်ဦး ပြောပြတာက "မနက်မိုးလင်းရင် ဈေးရောင်းဖို့နေရာလုနေကြရပါတယ်။ နေရာကကျပ်တော့ ရောင်းရတာလည်း အဆင်မပြေပါဘူး။ သက်ဆိုင်ရာကသိအောင် လုပ်ပေးစေချင်ပါတယ်။ ငွေရှိတဲ့လူတွေကတော့ အဆင်ပြေတယ်။ ကျွန်မတို့မှာက တစ်နေ့ရောင်းမှတစ်နေ့စားရသူတွေပါ"လို့ပြောပြပါတယ်။

မြောက်ဦးမြို့က ဒေသခံတစ်ဦးရဲ့ ပြောပြချက်အရ လက်ရှိဖွင့်လှစ်ထားတဲ့ဈေးဟာ မြို့မဈေးကြီးက သား၊ ငါး ရောင်းတဲ့ဈေးတန်းတွေကို မြို့နယ်စည်ပင်သာယာရေးကော်မတီက ကိုဗစ်ကြောင့် အပြင်သို့နေရာချထားပေးတာဖြစ်ကြောင်းနဲ့ အဲဒီဈေးသည်တွေဟာ အရင်က မြောက်ဦးမြို့မဈေးကြီးမှာ ရောင်းချနေသူတွေဖြစ်ကြောင်း သိရပါတယ်။

မြောက်ဦးမြို့က ဘောလုံးကွင်း



ဈေးမှာ မနက်အစောပိုင်းအချိန်ရောက်လာတိုင်း ဈေးဝယ်သူတွေနဲ့ စည်ကားနေပြီး ကိုဗစ်အခြေခံစည်းကမ်းချက်ဖြစ်တဲ့ နှာခေါင်းစည်း မက်စ်(Mask) တပ်ဖို့ကို ဈေးဝယ်၊ ဈေးရောင်းသူတွေအနေနဲ့ ပျက်ကွက်တာတွေ့မြင်ရပါတယ်။ ❍ **ထက်အောင်စိုင်း (VOM)**

# ရခိုင်ပြည်နယ်တွင် မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် အရေးကြီးဟု ပြည်ထောင်စုဝန်ကြီးပြော

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ်တွင် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် အရေးကြီးဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ကို Virtual Meeting ဖြင့် တွေ့ဆုံပြီး ရခိုင်ပြည်နယ်အတွင်း မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ရခိုင်ပြည်နယ် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၂၀၂၀ ပြည့်နှစ်တွင် မိုင်းဒဏ်သင့်ခံရမှု အများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်သည်ကို တွေ့ရှိရပါကြောင်းနှင့် ရခိုင်ပြည်နယ်ကိုမိုင်းပညာပေး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ရခိုင်ပြည်နယ်တွင် ပဉ္စမမြောက်ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ အခြားပြည်နယ်များနည်းတူ မိုင်းအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ မိုင်းကြောင့် ထိခိုက်ခံစားရသူများအား ကူညီထောက်ပံ့ပေးခြင်းများကို ပိုမိုတိုးမြှင့်ပြီး ထိထိရောက်ရောက် အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ရန်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ရခိုင်ပြည်နယ်အတွင်း မိုင်းဒဏ်ခံစားရသူ အရေအတွက်မှာ ၂၀၁၈- ၂၀၁၉ ခုနှစ်မှစပြီး တိုးတက်များပြားလာပြီး ၂၀၁၉ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် မိုင်းနှင့်စစ်ကျန်လက်နက်ပစ္စည်းများ ပေါက်ကွဲမှုဖြစ်စဉ် ၅၃ ကြိမ် ဖြစ်ပွားခဲ့ကာ ထိခိုက်သေဆုံးသူ အရေအတွက် ၁၉ ဦးနှင့် ဒဏ်ရာရရှိသူ ၃၉ ဦး ရှိခဲ့ကြောင်း သိရသည်။

အလားတူ ၂၀၂၀ ပြည့်နှစ်အတွင်း မိုင်းနှင့် စစ်ကျန်လက်နက်ပစ္စည်းများ ပေါက်ကွဲမှုဖြစ်စဉ် ၆၁ ကြိမ်၊ ထိခိုက်သေဆုံးသည့် အရေအတွက် ၄၅ ဦး၊ ဒဏ်ရာရရှိသူ ၈၉ ဦး ရှိခဲ့ပြီး ကလေးသူငယ် ထိခိုက်ခံစားရသူ အရေအတွက်မှာ ၂၀၁၉ ခုနှစ်တွင် ၁၇ ဦးနှင့် ၂၀၂၀ ပြည့်နှစ်တွင် ၆၄ ဦးအထိ မြင့်မားလာသည်။

ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်းတွင်လည်း မိုင်းအန္တရာယ် အသိပညာပေးရေးလုပ်ငန်းကို ထည့်သွင်းထားပြီးဖြစ်ပါကြောင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာတွင် ရခိုင်ပြည်နယ်အတွင်း အကောင်အထည်ဖော်ရန် ရေးဆွဲထားသည့် လုပ်ငန်းစီမံချက်တွင်လည်း မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းကို ထည့်သွင်းရေးဆွဲထားပြီး အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။

❍ S-04

# MytelPay မှ ဥံဖွ ဥံဖွ ပရိုမိုးရှင်းအစီအစဉ်၏ Suzuki ကား ကံထူးရှင်ထံ လွှဲပြောင်းပေးအပ်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

MytelPay က အသုံးပြုသူများအတွက် ငွေလွှဲရင်း ရွှေရောင် Suzuki ကား ၂ စီး၊ ၄၉ လက်မ Sony Smart TV များ၊ Realme 6Pro Smartphone များ၊ E-money ဆုများနှင့် အခြားဆက်သွယ်ရေးဝန်ဆောင်မှု ဆုလက်ဆောင်များရရှိနိုင်မည့် ဥံဖွ ဥံဖွ ပရိုမိုးရှင်း အစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

ယင်းပရိုမိုးရှင်းအစီအစဉ်၏ Grand Prize ဖြစ်သည့် ရွှေရောင် Suzuki ကား ဒုတိယမြောက်ပိုင်ရှင် လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇန်နဝါရီလ ၉ ရက်နေ့က မန္တလေးမြို့ရှိ Mytel ရုံးခွဲတွင် ပြုလုပ်ခဲ့ပြီး မန္တလေးတိုင်း၊ ချမ်းမြသာစည်မြို့နယ်တွင် နေထိုင်သည့် ဒုတိယမြောက် ကံထူးရှင် ဦးမင်းမင်းထွန်းကို MytelPay ၏ တာဝန်ရှိသူများမှ ရွှေရောင် Suzuki ကားကို လွှဲပြောင်းပေးအပ်ခဲ့သည်။

MytelPay ကို ယခင်နှစ် ဇွန်လတွင် စတင်မိတ်ဆက်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ အသုံးပြုသူများကို ဝန်ဆောင်မှုပေးနေသည့် အရောင်းကိုယ်စားလှယ်ပေါင်း ၂၅,၀၀၀ ကျော် ရှိနေပြီဖြစ်ပြီး MytelPay ငွေလွှဲဝန်ဆောင်မှုကို မည်သည့်မိုဘိုင်းလ်ကွန်ရက်အသုံးပြုသူမဆို အသုံးပြုနိုင်မည်ဖြစ်သည်။

MytelPay အသုံးပြုသူများသည် မည်သည့်အော်ပရေတာကိုမဆို ဖုန်းငွေဖြည့်နိုင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း MytelPay Application ကို အသုံးပြုကာ ဘေလ်ပေးဆောင်ခြင်းများ၊ iTunes ကတ်၊ Game ကတ်များဝယ်ယူနိုင်ခြင်းတို့အပြင် Online Shopping များနှင့် Digital Payment ဝန်ဆောင်မှုများလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။ ❍ S-06


Photo - သစ်တောဦးစီးဌာန

# မောင်တောမြို့တွင် သစ်မှောင်ခိုစက်လှေတစ်စင်းကို ဖမ်းမိ

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ်၊ မောင်တောမြို့၊ ကျောက်ပန္ဒူကျေးရွာ၏ အနောက်မြောက်ဘက်တွင် တရားမဝင်သစ်များ သယ်ဆောင်လာသော စက်လှေတစ်စင်းကို တပ်မတော်က ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ စက်လှေပေါ်မှ တရားမဝင် သယ်ဆောင်လာသည့် အလေးချိန် ၁၂ တန်ကျော်ရှိသော ကျွန်းနှင့် ကညင်ခွဲသား ၂၈၃ ချောင်းကို တရားခံ လေးဦးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ယင်းအမှုမှ ဆက်စပ်တရားခံ နှစ်ဦးကိုလည်း ထပ်မံဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်နေကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

❍ S-03

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေး ကုသိုလ်ပြုနိုင်ဖို့ပါ။ ကယားပြည်နယ်၊ ဖားဆောင်းဆေးရုံ သူနာပြုဆရာမတစ်ဦး ဖြစ်သူ မယွန်းမီမီကိုက ကျောက်ကပ်မကောင်းတာမို့ ဖခင်ဖြစ်သူရဲ့ ကျောက်ကပ်နဲ့ အစားထိုးကုသထားသူပါ။ ဒါပေမဲ့ ကံဆိုးစွာပဲ ဆေးရုံသစ်ဆောက်ရာမှာ အလုပ်သမား တစ်ဦးက ကြိုတင်အကြောင်းကြားမှုမရှိဘဲ မျက်နှာကြက်ပေါ်တက်ရာက မယွန်းမီမီကို ရဲ့ အပေါ်တည့်တည့်ကို ပြုတ်ကျရာမှ ကျောက်ကပ်ပြန်ထိခဲ့တာပါ။ ကျောက်ကပ် အစားထိုးတာကို နောက်တစ်ကြိမ်ပြန်လည်ပြုလုပ်ဖို့ လိုအပ်နေပြီး ကုန်ကျစရိတ် ခက်ခဲနေတယ်လို့ သိရပါတယ်။ ဆက်သွယ်လှူဒါန်းလိုသူများ Wave Pay – 09 785503578 ၊ KBZ Pay – 09 785503578 ၊ AYA Bank Account (0081202010051782)၊ AGD Bank Account (3450001001294018 )၊ KBZ Bank Account (18330199940035301) ကိုပေးပို့လှူဒါန်းနိုင်ပါတယ်။ ❍



## စျေးဝယ်လမ်းညွှန်

### ယာဉ်မတော်တဆ ထိခိုက်မှုတွေနဲ့ ယာဉ်စည်းကမ်း အငြင်းပွားမှုတွေကို မှတ်တမ်းတင်နိုင်မယ့် ကင်မရာ

တန်ဖိုးကြီး ပေးဝယ်ထားရတဲ့ ကားမတော်တဆ ထိခိုက်မှုဖြစ်တဲ့အခါ အငြင်းပွားရတာမျိုးတွေ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ အဲဒီအခါမျိုးမှာ အကောင်းဆုံး ဖြေရှင်းနိုင်ဖို့အတွက် YI Smart Dash Camera ကို ညွှန်ပေးချင်ပါတယ်။ ယာဉ်အန္တရာယ်မတော်တဆထိခိုက်မှုတွေနဲ့ ယာဉ်စည်းကမ်းအငြင်းပွားမှုတွေကို မှတ်တမ်း တင်နိုင်ဖို့ ကားမှာတပ်ဆင်ရမယ့် ကင်မရာဖြစ်ပြီး အာမခံတစ်နှစ် ပါဝင်ပါတယ်။ High Speed Recording၊ HD Video၊ Widescreen LCD၊ Ultra Wide Angle Lens စတာတွေ ပါဝင်လို့ ကင်မရာအရည်အသွေး မြင်ကွင်းရှင်းလင်းမှု အတွက် စိတ်ပူဖို့ မလိုပါဘူး။ ဈေးနှုန်းက ၇၅,၀၀၀ ကျပ်ဖြစ်ပြီး ဝယ်ယူလိုတယ်ဆိုရင် ဖုန်း ၀၉ ၄၅၀၁ ၂၇၃၀၃ ကို ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါတယ်။ ❍




# သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန အဆောက်အအုံအသစ် ၂၀၂၂ တွင် ပြီးမည်

ရန်ကုန်၊ ဇန်နဝါရီ ၁၉

သုတေသန စွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန အဆောက်အအုံသစ်ကို ငွေကျပ် ၄ ဒသမ ၆၉၆ ဘီလီယံ အကုန်အကျခံ တည်ဆောက်ထားကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

ယင်းကဲ့သို့ ပြောကြားခြင်းကို ၄၉ ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရမှ ကျပ်ငွေ ၄ ဒသမ ၆၉၆ ဘီလီယံအကုန်အကျခံ၍ သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန အဆောက်အအုံသစ်ကြီးကိုဆောက်လုပ်လျက်ရှိရာ ယခုနှစ်တွင် စက်တင်ဘာလတွင် စတင်သုံးနိုင်မည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဆောက်လုပ်မှုလုပ်ငန်းအားလုံး ပြီးစီးမည် ဖြစ်သည်။

သုတေသနဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်မှုများ လုပ်ဆောင်ရန်အတွက် နိုင်ငံတော်မှ ဘဏ္ဍာငွေကျပ်သန်းပေါင်း ၉၀၀၀ ကျော်ကို ခွဲဝေ ချထားပေးခဲ့ရာ ထိုကဲ့သို့ ချထားပေးမှုမှာ ကျန်းမာရေးဝန်ကြီးဌာန စတင်ဖြစ်ပေါ်ခဲ့သည့် အချိန်မှစ၍ ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း အသိပေးပြောဆိုခဲ့သည်။

ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်) တွင် သုတေသန စွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာနကိုလည်းဖွင့်လှစ်နိုင်ခဲ့ပြီး သုတေသနဆိုင်ရာသင်တန်းအမျိုးမျိုးကို အဆက်မပြတ်ဆောင်ရွက်နိုင်ခဲ့ကာ COVID-19 ဖြစ်ပွားနေသည့် ကာလတွင်လည်း အင်တာနက်ကွန်ရက် အသုံးပြုကာ သင်တန်းများ ဆက်လက်ဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှာကြားခဲ့သည်။

အမျိုးသားအဆင့် သုတေသန မူဝါဒ (National Research Policy) နှင့်အမျိုးသားအဆင့်သုတေသန ကောင်စီ (National Research Council) တို့ ပေါ်ပေါက်လာစေရေးအတွက်ကိုလည်း ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားနိုင်ရန် ဆက်လက်ပံ့ပိုးမည်ဟု ဒေါက်တာမြင့်ထွေးက ထပ်လောင်းပြောကြားသည်။

❍ S-09

The VOICE Daily CARTOON



ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၄၀၁၉၆၀၀၀၆၊
၀၉ ၄၀၁၉၆၀၀၀၇၊ ၀၉ ၄၀၁၉၆၀၀၀၈

# လက်သည်းကိုက်ခြင်းနှင့် ကျန်းမာရေး

**မုဒိတာ(တောင်သာ)**

**အကယ်၍ မိမိတို့ကလေးများတွင် လက်သည်းကိုက်ခြင်းအမူအကျင့်ရှိနေလျှင် လက်သည်းကိုက်သည့် အကြောင်းအရင်းကိုသိရှိအောင် ပြုလုပ်ထားသင့်သည်။ ကလေးတွင် စိတ်ဖိစီးစရာ ကိစ္စတစ်ခုခု ရှိနေသလား၊ အာရုံကြောနှင့် ပတ်သက်သော ဝေဒနာတစ်ခုခု ခံစားနေပြီလားဆိုပြီး စောင့်ကြည့်သင့်သည်။ ကလေးသည် အာရုံကြောပြဿနာ တစ်ခုခုရှိနေပြီဆိုလျှင် လက်သည်းကိုက်ရုံသာမက နှာခေါင်းနှိုက်ခြင်း၊ လက်မစုပ်ခြင်း အမူအကျင့်များပါ ပြုလုပ်မည်ဖြစ်သည်။**

**ကျွန်မတို့** သတိမထားမိဘဲ ပြုလုပ်မိတတ်သော အမူအကျင့်များစွာရှိသည့် အနက်မှ လက်သည်းကိုက်တတ်သောအကျင့်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ စင်စစ်အားဖြင့် လက်သည်းကိုက်ခြင်းသည် ကျွန်မတို့ကို နာဖျားမှုဖြစ်စေသည်။

လက်သည်းများသည် တစ်လလျှင် (၂)မီလီမီတာမှ (၃)မီလီမီတာထိ ရှည်ထွက်နှုန်းရှိကြသည်။ ခြေသည်းများမှာ တစ်လလျှင် (၁)မီလီမီတာခန့်ရှည်ထွက်လေ့ရှိကြသည်။ အသက်အရွယ်၊ ယောကျ်ား၊ မိန်းမ၊ ရာသီဥတုနှင့် အစာအာဟာရပေါ်မူတည်ပြီး လူတစ်ဦးနှင့်တစ်ဦး လက်သည်းခြေသည်းရှည်ထွက်နှုန်းများမတူညီကြပေ။ နွေရာသီတွင် လက်သည်းရှည်ထွက်နှုန်းမြန်သကဲ့သို့ မိမိအားသန်သောဘက်မှ လက်သည်းများသည် အခြားတစ်ဖက်ထက် ရှည်ထွက်နှုန်း ပိုမြန်လေ့ရှိကြသည်။ ကျွန်မတို့အများစု သတိမမူမိသော်လည်း လက်သည်းများသည် ကျွန်မတို့၏ ကျန်းမာရေးကို တစ်စိတ်တစ်ပိုင်းဖော်ပြပေးနေသည်။

လက်သည်းကိုက်ခြင်းကို အများအားဖြင့် စိတ်ဖိစီးမှုများခြင်း၊ စိတ်မတည်မငြိမ်ဖြစ်ခြင်း၊ ပျင်းရိခြင်း၊ စိုးရိမ်စိတ်လွန်ကဲနေချိန်များတွင် ပိုမိုပြုလုပ်တတ်ကြသည်။ သုတေသနစစ်တမ်းများအရ လက်သည်းကိုက်သောအလေ့အကျင့်သည် ဆယ်ကျော်သက်များတွင် ၄၅ရာခိုင်နှုန်း၊ ကလေးများနှင့် လူငယ်များတွင် ၃၀ရာခိုင်နှုန်း ရှိသည်ဟုသိရသည်။

လက်သည်းကိုက်ခြင်းကြောင့် လက်သည်းအောက်မှာရှိသော နူးညံ့သည့် လက်သည်းအသားနု

**လက်ဆိုသည်မှာ ဗက်တီးရီးယားပေါင်းစုံနှင့် အညစ်အကြေးတို့ကို ထိတွေ့မှုအများဆုံး အစိတ်အပိုင်းဖြစ်သည့်အတွက် လက်သည်းကိုက်သည့်အခါ ပိုးမွှားများနှင့် ပြည့်နှက်နေသော လက်သည်းမှတစ်ဆင့် အအေးမိခြင်း၊ ဝမ်းလျှောခြင်း စသောရောဂါများ ဖြစ်ပွားစေနိုင်သည်။ လက်မှပါရှိသော ဗက်တီးရီးယားများသည် ပါးစပ်ထဲရောက်သွားသည့်အခါ ကျွန်မတို့၏ကျန်းမာရေးကို အမှန်ဆိုးဝါးစေမည်ဖြစ်သည်။ လက်သည်းများ၏အောက်တွင်လည်း ဗက်တီးရီးယားများ အများဆုံးခိုအောင်းနေနိုင်သည်ကို သတိချပ်ထားစေလိုသည်။ လက်ကို မကြာခဏ ပါးစပ်ထဲထည့်ခြင်းဖြင့် လက်ချောင်းအထိ အရေပြားများ ထိခိုက်ရောင်ရမ်းစေနိုင်သည်။**

များပေါ်လာပြီး ပါးစပ်ထဲမှ ဗက်တီးရီးယားပိုးများနှင့် ထိတွေ့မိသည့်အခါ လက်စွယ်ငုပ်ခြင်း၊ လက်သည်းပြည်တည်ခြင်းများဖြစ်ပေါ်လာနိုင်သည်။ လက်သည်းများတွင် Matrix ဟုခေါ်သော လက်သည်းအိမ်အလွှာရှိသည်။ လက်သည်းကိုက်သည့်အခါ ယင်းအလွှာကို ထိခိုက်ပျက်စီးစေပြီး လက်စွယ်ငုပ်ခြင်းများဖြစ်လာခြင်းဖြစ်သည်။ လက်သည်းကိုက်ခြင်းသည် အရေပြားကိုပါ ထိခိုက်ပျက်စီးစေနိုင်သည်။

လက်ဆိုသည်မှာ ဗက်တီးရီးယားပေါင်းစုံနှင့် အညစ်အကြေးတို့ကို ထိတွေ့မှုအများဆုံး အစိတ်အပိုင်းဖြစ်သည့်အတွက် လက်သည်းကိုက်သည့်အခါ ပိုးမွှားများနှင့် ပြည့်နှက်နေသော လက်သည်းမှတစ်ဆင့် အအေးမိခြင်း၊ ဝမ်းလျှောခြင်း စသောရောဂါများ ဖြစ်ပွားစေနိုင်သည်။ လက်မှပါရှိသော ဗက်တီးရီးယားများသည် ပါးစပ်ထဲရောက်သွားသည့်အခါ ကျွန်မတို့၏ကျန်းမာရေးကို အမှန်ဆိုးဝါးစေမည်ဖြစ်သည်။ လက်သည်းများ၏အောက်တွင်လည်း ဗက်တီးရီးယားများ အများဆုံးခိုအောင်းနေနိုင်သည်ကို သတိချပ်ထားစေလိုသည်။ လက်ကို မကြာခဏ ပါးစပ်ထဲထည့်ခြင်းဖြင့် လက်ချောင်းအထိ အရေပြားများ ထိခိုက်ရောင်ရမ်းစေနိုင်သည်။

လက်သည်းဘေးမှာရှိသော အသားမာများနှင့် လက်သည်းများကို ပုံမှန်ကိုက်နေမည်ဆိုလျှင် လက်သည်းပိုးဝင်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ လက်သည်းကိုက်သည့်အခါ အပေါ်သွားများကို အသုံးပြုရတာဖြစ်သည့်အတွက် သွားများ၏ အပေါ်ယံကြွေလွှာများကို ပျက်စီးစေနိုင်သကဲ့သို့ သွားများယိုင်နဲ့သွားတာမျိုး ဖြစ်ပေါ်လာနိုင်သည်။ ရေရှည်တွင် လက်သည်းကိုက်ခြင်းကြောင့် မေးရိုးပြဿနာများပင် ရှိလာနိုင်သည်။

လက်သည်ကိုက်ခြင်းမပြုလုပ်မိအောင် ဆောင်ရွက်ရမည့်အချက်များကို ဝေမျှပေးလိုသည်။

**- လက်သည်းကို ခပ်တိုတိုညှပ်ပါ**

လက်သည်းတိုနေခြင်းဖြင့် လက်သည်းကိုက်မိခြင်းအကြိမ်ရေ နည်းသွားစေမည်ဖြစ်သည်။

**- လက်သည်းနီများဆိုးထားပါ**

လက်သည်း မကြာခဏ ကိုက်တတ်သူများအနေနှင့် လက်သည်းကို လက်သည်းနီ ဆိုးထားသင့်သည်။ လက်သည်းနီဆိုးရာတွင်လည်း မိမိတို့နှင့် သင့်လျော်သော လက်သည်းနီကို ရွေးချယ်ပြီးမှ ဆိုးသင့်သည်။

**- လက်သည်းများကို ပုံဖော်ထားပါ**

ယခုခေတ်ရေစီးကြောင်းအရ လက်သည်း၊ ခြေသည်းများ ပုံဖော်ခြင်းများကို ပြုလုပ်နေပြီဖြစ်သည်။ လက်သည်း၊ ခြေသည်းများကို ပုံဖော်ထားခြင်းဖြင့် အလှပျက်မည်ကိုစိုးရိမ်ပြီး လက်သည်းကိုက်မည့်အရေအတွက် သေချာပေါက် လျော့ပါးသွားမည်ဖြစ်သည်။

အကယ်၍ မိမိတို့ကလေးများတွင် လက်သည်းကိုက်ခြင်း အမူအကျင့်ရှိနေလျှင် လက်သည်းကိုက်သည့် အကြောင်းအရင်းကို သိရှိအောင် ပြုလုပ်ထားသင့်သည်။ ကလေးတွင် စိတ်ဖိစီးစရာကိစ္စတစ်ခုခု ရှိနေသလား၊ အာရုံကြောနှင့်ပတ်သက်သော ဝေဒနာတစ်ခုခု ခံစားနေပြီလားဆိုပြီး စောင့်ကြည့်သင့်သည်။ ကလေးသည် အာရုံကြောပြဿနာ တစ်ခုခု ရှိနေပြီဆိုလျှင် လက်သည်းကိုက်ရုံသာမက နှာခေါင်းနှိုက်ခြင်း၊ လက်မစုပ်ခြင်း အမူအကျင့်များပါ ပြုလုပ်မည်ဖြစ်သည်။

မိဘများအနေနှင့် မိမိတို့ကလေး လက်သည်းကိုက်နေသည်ကိုတွေ့လျှင် အတင်းဖိအားပေးပြီး တားမြစ်ခြင်းထက် နားလည်လက်ခံလာအောင် ပြောဖို့လိုအပ်သည်။ မိမိတို့၏ကလေးများ လက်သည်းကိုက်ခြင်းမှ ကင်းဝေးစေဖို့ စာဖတ်ခြင်း၊ တူရိယာတစ်မျိုးမျိုး တီးခတ်ခြင်းများနှင့် အာရုံလွှဲပေးနိုင်သည်။

လက်သည်းကိုက်ခြင်း အမူအကျင့်သည် ကြီးမားသောပြဿနာ မဟုတ်သော်ငြားလည်း ခပ်ပေ့ါပေ့ါ သတိထားမည်ဆိုလျှင် ကျွန်မတို့ကို နာဖျားမှုဖြစ်စေသည့်အရာဖြစ်သည်။ ကလေးများတွင် လက်သည်းကိုက်ခြင်း အလေ့မစွဲအောင် မိဘများက ကြိုးစားပြင်ပေးသင့်သကဲ့သို့ အရွယ်ရောက်ပြီးသူများသည်လည်း လက်သည်းကိုက်တတ်သည့်အလေ့ရှိလျှင် သတိထားပြီး ပြင်ပေးဖို့လိုအပ်လှပေသည်။

❍ မုဒိတာ (တောင်သာ)

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၅၅၅၅၇၇၂

# ရုပ်သံနှင့် သတင်းဓာတ်ပုံများပေါ်က ခဲခြစ်ကောက်ကြောင်းများ

## မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင် (သို့မဟုတ်) မြို့ပြတည်ဆောက်သူ ဆရာဝန်ဗိသုကာတစ်ဦး

သောင်းထိုက်ကို

**မကြာမီ** ကာလတွင် ၂၀၁၅ အန်အယ်ဒီ အစိုးရအဖွဲ့ ၅ နှစ်တာကာလ တစ်ခုသည် ကုန်ဆုံးတော့မည်ဖြစ်သည်။ ထို့အတူ နောက်ထပ် ၅ နှစ်တာ အန်အယ်ဒီ အစိုးရအဖွဲ့သစ် တစ်ခုမှာလည်း ရောက်ရှိလာတော့မည်ဖြစ်သည်။ ငါးနှစ်တာကာလယန္တရားတစ်ခုကုန် ဆုံးသွားတိုင်း အစိုးရသစ်တစ်ခု တက်ရောက်ရမည်မှာ လက်ရှိ အခြေခံဥပဒေက ပြဋ္ဌာန်းထားချက်တစ်ခုဖြစ်၍ ထူးဆန်းသည်ဟု မိမိအနေနှင့်မမြင်။ တစ်ဗိုလ်ဆင်း၍ တစ်ဗိုလ် တက်သောသဘောပင်ဖြစ်သည်။

သို့သော် ပြီးဆုံးတော့မည့် ငါးနှစ်တာကာလ အတွင်း လူကြိုက်များခဲ့သော လူနည်းစုထဲမှ လူပုဂ္ဂိုလ် တစ်ဦးကိုတော့ မိမိသတိပြုမိသည်။ ယင်းမှာ အထက် မြန်မာနိုင်ငံမြို့တော်၊ မန္တလေးမြို့၏ မြို့တော်ဝန် ဒေါက်တာရဲလွင်ပင် ဖြစ်သည်။ ဒေါက်တာရဲလွင် အကြောင်း မိမိခဲခြစ်ရေးသားရာတွင် ဦးစွာ စဉ်းစားမိသည်မှာ ခေါင်းစဉ်တပ်ခြင်းဖြစ်သည်။ ဒေါက်တာရဲလွင် (သို့) မန္တလေးကို အလှဆင်သူ။ ဒေါက်တာရဲလွင်(သို့) မန္တလေးသူ၊ မန္တလေးသားများချစ်သောမြို့တော်ဝန်။ ဒေါက်တာရဲလွင်(သို့) ရာထူးဂုဏ်သိမ်ကို မမက်မောသူ စသဖြင့် ခေါင်းစဉ်အမျိုးမျိုး လေးငါးခုခန့်ကို စဉ်းစားမိသည်။ ခေါင်းစဉ်ပေါ်များသူတစ်ဦးဟု ဆိုရလျှင် မမှားပေ။

ငါးနှစ်တာကာလအတွင်း မိမိ ခဲခြစ်ကောက်ကြောင်းများအတွက် ရေးခြစ်လိုသော ပြည်ထောင်စု အဆင့်လူပုဂ္ဂိုလ်များအနက် လက်ကျန် နောက်ဆုံး ရေးခြစ်လိုသောသူတစ်ယောက် ဖြစ်မည်ထင်သည်။ အဘယ်ကြောင့်ဆိုသော် မကြာမီ အစိုးရသစ်တစ်ရပ် တွင် မည်သူတွေက မည်သည့်နေရာတွင် တာဝန်ယူကြမည်ကို မကြာမီ မြင်တွေ့ရတော့မည် ဖြစ်သည်။ ထို့ကြောင့် နောက်အစိုးရသစ်၏ လူပုဂ္ဂိုလ်အသစ် မည်သူတို့သည် ခဲခြစ်ခေါင်းစဉ်များအောက်တွင် နေရာယူပေဦးမည်မသိ။ ထို့ကြောင့် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်သည် နောက်ဆုံးပိတ်အိတ်နှင့်လွယ်သူဟု ဆိုရမည်လား မသိပါ။

မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်ကို ၁၉၅၁ စက်တင်ဘာ ၂ ရက် မန္တလေးမြို့တွင် မွေးဖွားခဲ့သူ မန္တလေးမြို့သားစစ်စစ်တစ်ဦး ဖြစ်သည်။ မန္တလေးမြို့ အမှတ် ၉ အခြေခံပညာကျောင်းမှ အောင်မြင်ခဲ့ပြီး ဆေးတက္ကသိုလ် မန္တလေးမှ ၁၉၇၉ တွင် ဆေးပညာဘွဲ့ကို ရရှိခဲ့သည်။ မျက်စိအထူးကုဆေးပညာ မဟာဘွဲ့ကို ဆေးတက္ကသိုလ် (၁) ရန်ကုန်တွင် ၁၉၈၆ မှ ၁၉၈၉ ထိ သင်ကြားခဲ့သည်။ ဝန်ထမ်းဘဝဖြင့် ဆေးပညာလောကတွင် တာဝန်များထမ်းဆောင်ခဲ့ပြီး ဆေးတက္ကသိုလ် (မန္တလေး) မျက်စိဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဇနီးသည် ဒေါ်လှမျိုးခင်နှင့် သားတစ်ယောက် ထွန်းကားခဲ့သည်။ မျက်နှာလေးထောင့်စပ်စပ်၊ မျက်နှာ ပြည့်ပြည့်၊ အရပ်အမောင်းကောင်းသည်ဟု ပြောရမည်။ ပိန်ပိန်ပါးပါးနှင့် လက်ပြင်အနည်းငယ်ကိုင်းသယောင် ထင်ရသည်။ ဒေါက်တာရဲလွင်၏ ထူးခြားမှုအရှိဆုံး အရာဟု မိမိခံစားမိသည်မှာ မျက်နှာသွင်ပြင်ဖြစ်



Ye Lwin (FB)

**မိမိနှစ်ခြိုက်မိသည့်အရာတစ်ခုမှာ မြို့တော်ဝန် ဒေါက်တာရဲလွင်သည် ဆိုရှယ်မီဒီယာကို အကျိုးရှိရှိအသုံးပြုတတ်သူတစ်ဦးဟုမြင်သည်။ ဥပမာ-သီတင်းကျွတ် မုန့်ဖိုး၊ တန်ဆောင်တိုင် ဒစ်ဂျစ်တယ်ပွံ့သကူမုန့်ဖိုး၊ နှစ်သစ်ကူး မုန့်ဖိုး စသည်တို့ကို အမ်အက်စ်ပီ (Mandalay Smart Pay) မှတစ်ဆင့် ကိုဗစ်ကာလ မန္တလေးသူ၊ မန္တလေးသားများ၏ ဘဝအမောများကို တဒင်္ဂပြေစေခဲ့သူဖြစ်သည်။ စိတ်ကူးကောင်းသည်ဟုဆိုရမည်။ နောက်ထပ် မှတ်မှတ်ရရ ဥပမာတစ်ခုမှာ ဒီဘက်ခေတ် လမ်းလျှောက်သကြဲန်ကို မန္တလေးမှ စသည်ဟုထင်သည်။ နောက်ပိုင်း တစ်နိုင်ငံလုံး လမ်းလျှောက်သကြဲန်များ ခေတ်စားလာသည်ကလည်း ငါးနှစ်တာကာလအတွင်း ထူးခြားမှုတစ်ခုလို့ထင်သည်။**

သည်။ မျက်နှာတွင် နူးညံ့မှု၊ ညင်သာမှု၊ သိမ်မွေ့မှုကို မြင်တွေ့ရပြီး အေးချမ်းမှုသဘောဆောင်သည်။

မြို့တော်ဝန်ဒေါက်တာရဲလွင်နှင့် ပတ်သက်ပြီး ထူးထူးခြားခြား မိမိသတိပြုမိသောအချက်မှာ နံပါတ်သုံးဂဏန်းနှင့် တိုက်ဆိုင်သူတစ်ယောက်ဟု ဆိုရမည်ထင်သည်။ ၂၀၁၅ ရွေးကောက်ပွဲများအပြီး အနိုင်ရ အန်အယ်ဒီပါတီမှ ဒေါက်တာရဲလွင်ကို မန္တလေးမြို့တော်ဝန်ရာထူး တာဝန်ကို ထမ်းဆောင်ရန် ကမ်းလှမ်းလာမှုကို သုံးကြိမ်တိုင်တိုင် ငြင်းဆိုခဲ့သော်လည်း မရ။ ထို့ကြောင့် နောက်ဆုံးအကြိမ် နာရီပိုင်းအလိုမှ လက်ခံဆောင်ရွက်ခဲ့သူတစ်ဦးဟု ဆိုသည်။ ဤသို့နှင့် ဧပြီလ ၅ ရက် ၂၀၁၆ တွင် စတင်၍ မြို့တော်ဝန်ရာထူးကို တာဝန်ယူခဲ့သူဖြစ်သည်။

မန္တလေးမြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်နေချိန်တွင်လည်း ကိုယ်တိုင်ကျန်းမာရေးကိစ္စနှင့် ဇနီးသည်၏ ကျန်းမာရေးကိစ္စများကြောင့် တာဝန်မှ အနားယူ နုတ်ထွက်ခွင့်ကို သုံးကြိမ်တိုင် တင်ပြ တောင်းဆိုတင်ပြခဲ့သော်လည်း မရ။ ထို့ကြောင့် မြို့တော်ဝန်ရာထူးကို ငါးနှစ်ပြည့် ထမ်းဆောင်ရသူဖြစ်သည်။ ဤသည်ကိုကြည့်၍ ပြောနိုင်သည်မှာ လူအများစု မက်မောတတ်သော ရာထူးဂုဏ်သိမ်ကို မမက်မောသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် အန်အယ်ဒီအစိုးရမှလည်း ကြိုက်၊ မန္တလေးသူ၊ မန္တလေးသားများကလည်း နှစ်သက်သော ပြည်သူကိုယ်စားပြု မြို့တော်ဝန်စစ်စစ် ဖြစ်မည်ထင်သည်။ ဒီအတွက် အန်အယ်ဒီပါတီမှ ၂၀၂၀ ရွေးကောက်ပွဲဝင်ဖို့ရာထိ ကမ်းလှမ်းခဲ့သော်လည်း ငြင်းပယ်ခဲ့သူတစ်ဦး ဖြစ်သည်။ ဆရာဝန်တစ်ဦး၏ဘဝကို နှစ်သက်ခုံမင်သည်ဟုဆိုသည်။ သို့သော် တိုင်းပြည်အတွက် မန်းမြို့တော်ဝန်အဖြစ် ပြန်လည်ပေးဆပ်ခွင့်သည် ဘဝ၏ အကြည်နူးရဆုံးပီတိပါဟု ဆိုသည်။ ခုတော့ ဆရာနန္ဒာသိန်းဇံစကား ငှားပြောရရင် ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာရှာဖွေဖို့ရာ မန္တလေးသူ၊ မန္တလေးသားများကို အလွမ်းနှင့်နှုတ်ဆက်ခဲ့သူတစ်ဦး ဖြစ်သည်။

၂၀၁၅ အန်အယ်ဒီရွေးကောက်ပွဲ ကြွေးကြော်သံမှာ ပြောင်းလဲဖို့အချိန်တန်ပြီဟူသော ဆောင်ပုဒ်ကို အကောင်အထည်ဖော်ကြသူများအနက် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်မှာ ရှေ့ဆုံးကပါဝင်သူတစ်ဦးဟု မိမိကယူဆသည်။ အဟောင်းကိုပြင်ရသည်မှာ စိတ်ရှည်ရသည်၊ မလွယ် ခက်၏။ အသစ်တည်ဆောက်ရသည်က စိတ်ကြိုက်ပြုလုပ်နိုင်၏။ လွယ်သည်။ မန္တလေးအဟောင်းကို မန္တလေးအသစ်ဖြစ်အောင် ပြုလုပ်နိုင်ခဲ့သူဖြစ်သည်။ အတွေးအခေါ်သစ်တို့နှင့် မန္တလေးကို ထုဆစ်ခဲ့သူတစ်ဦးဖြစ်သည်။ မန္တလေးကို ခေတ်မီစေခဲ့သူဖြစ်သည်။

မိမိနှစ်ခြိုက်မိသည့်အရာတစ်ခုမှာ မြို့တော်ဝန် ဒေါက်တာရဲလွင်သည် ဆိုရှယ်မီဒီယာကို အကျိုးရှိရှိ အသုံးပြုတတ်သူတစ်ဦးဟုမြင်သည်။ ဥပမာ-သီတင်းကျွတ် မုန့်ဖိုး၊ တန်ဆောင်တိုင် ဒစ်ဂျစ်တယ်ပွံ့သကူမုန့်ဖိုး၊ နှစ်သစ်ကူး မုန့်ဖိုး စသည်တို့ကို အမ်အက်စ်ပီ (Mandalay Smart Pay)မှတစ်ဆင့် ကိုဗစ်ကာလ မန္တလေးသူ၊ မန္တလေးသားများ၏ ဘဝအမောများကို တဒင်္ဂပြေစေခဲ့သူဖြစ်သည်။ စိတ်ကူးကောင်းသည်ဟု ဆိုရမည်။ နောက်ထပ် မှတ်မှတ်ရရ ဥပမာတစ်ခုမှာ ဒီဘက်ခေတ် လမ်းလျှောက်သကြဲန်ကို မန္တလေးမှ စသည်ဟုထင်သည်။ နောက်ပိုင်း တစ်နိုင်ငံလုံး လမ်းလျှောက်သကြဲန်များ ခေတ်စားလာသည်ကလည်း ငါးနှစ်တာကာလအတွင်း ထူးခြားမှုတစ်ခုလို့ထင်သည်။

မြို့တော်ဝန်ဒေါက်တာရဲလွင်၏ ကိုယ်ပိုင်ဆိုရှယ်မီဒီယာအကောင့်ကိုကြည့်ပြီး မန္တလေးသူ၊ မန္တလေးသားများနှင့် အပေးအယူမျှမျှ ဆက်ဆံရေးကိုကြည့်ပြီး သန္တရသတစ်ခုကို ခံစားရသည်။ ထို့ကြောင့် မန္တလေးမြို့ပြရုပ်ဝတ္ထု တည်ဆောက်မှုသာမက၊ စိတ်ဝတ္ထုပါ တတ်နိုင်သမျှ တည်ဆောက်ခဲ့သည်ဟုမြင်သည်။ မန်းသူ၊ မန်းသားများ လွမ်းနေတော့မည့် မြို့တော်ဝန်တစ်ဦး ဖြစ်မည်။

ထို့ကြောင့် မိမိကတော့ မန္တလေး၏ မြို့တော်ဝန် ဒေါက်တာရဲလွင်ကို မြင်ရသည်မှာ မန္တလေးကို ရှိတာနှင့်လှပအောင် ထုဆစ် တန်ဆာဆင်သူ ဆရာဝန် (သို့မဟုတ်) မန္တလေးမြို့၏ပြန်လည်တည်ဆောက်ရေး ဆရာဝန် ဗိသုကာတစ်ဦးကို မိမိရန်ကုန်မြို့က လှမ်းမြင်ရသော မြို့တော်ဝန်တစ်ဦးပင် ဖြစ်ပါကြောင်း။

❍ သောင်းထိုက်ကို

# ခရီးသွားလုပ်ငန်းများ ဇွန်လနောက်ပိုင်းမှ ပြန်အဆင်ပြေနိုင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**



မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဟာ ဇွန်လနောက်ပိုင်းမှာ ပြန်လည်ပြီးအဆင်ပြေလာနိုင်မယ်လို့ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာအောင်ရဲဇော်က ပြောပါတယ်။

"ခရီးသွားလုပ်ငန်းက ရောဂါအခြေအနေပေါ်မူတည်တယ်။ ၃ လပိုင်းနဲ့ ၆ လပိုင်းလောက်မှာ ကာကွယ်ဆေး ရနိုင်မယ်လို့ ကျွန်တော့်အနေနဲ့ သုံးသပ်တယ်။ ဇွန်လနောက်ပိုင်းမှာ ခရီးသွားလုပ်ငန်းတွေ ပြန်လည်အဆင်ပြေလာနိုင်တယ်လို့ မြင်ပါတယ်"လို့ ဒေါက်တာအောင်ရဲဇော်က ပြောပါတယ်။

ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ရောဂါအကာအကွယ်နဲ့ စနစ်တကျလုပ်နိုင်ဖို့အတွက် နိုင်ငံတော်အနေနဲ့ တွန်းအားပေးပြီး လုပ်လာမယ်လို့ မျှော်လင့်မိကြောင်းလည်း ဒေါက်တာအောင်ရဲဇော်က ပြောပါတယ်။

"ဒီကိစ္စကို မဖွင့်ပေးလို့မရဘူး၊ ဘာလို့လဲဆိုတော့ နေရာတွေအားလုံးမှာ ကန့်သက်ချက်တွေ များနေမယ်ဆိုရင် စီးပွားရေးမှာ အဟန့်အတားဖြစ်မယ်။ ဘာလို့လဲဆိုတော့ တော်တော်များများ ခရီးသွားလုပ်ငန်းကို အမှီပြုပြီး လုပ်နေကျတဲ့ လုပ်ငန်းတွေရှိတယ်။ ကန့်သတ်ထားတဲ့အတွက်ကြောင့် ခရီးသွားလုပ်ငန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းအားလုံးက သက်ရောက်မှုဖြစ်ပြီးတော့ စီးပွားဖြစ်ထွန်းမှုအားနည်းနေတယ်။ ပြန်လည်ကုသဖို့က မဖြစ်မနေ ပြန်လည်ဆောင်ရွက်ရမယ်။ ကိုဗစ်ကာကွယ်ဆေးထိုးလာတဲ့အချိန်မှာတော့ ဖြည်းဖြည်းချင်း လူတွေက အသိစိတ်ပိုများလာပြီးတော့ ခရီးသွားလုပ်ငန်းက ပြန်လည်ရှင်သန်ဖို့မြင်တယ်" လို့ ဒေါက်တာအောင်ရဲဇော်က သုံးသပ်ပြောပါတယ်။

ပုဂံခရီးသွားလုပ်ငန်း လုပ်ကိုင်သူ ကိုကျော်ဆွေကတော့ "ခရီးသွားလုပ်ငန်းက ကိုဗစ်မတိုင်ခင်ကတည်းက ဖြစ်နေတာပါ။ ခရီးသွားက ၂၀၁၈ ခုနှစ်ကတည်းက ဖြစ်နေတော့ လုပ်ငန်းတွေရပ်နေရတယ်။ ကြုံရာလုပ်နေရတယ်၊ တချို့က မိသားစုလုပ်ငန်း၊ တချို့က ကြုံရာအလုပ် ပြောင်းလုပ်နေရတယ်။ ဖြစ်နိုင်ခြေရှိတာတော့ ကာကွယ်ဆေးထိုးရတော့မယ်ဆိုရင်တော့ ခရီးသွားက ပြန်စမယ်လို့ မျှော်မှန်းထားပါတယ်"လို့ ပြောပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါစတင်ဖြစ်ပွားချိန်ကတည်းက လက်ရှိ တစ်နှစ်နီးပါးကြာတဲ့အချိန်ထိ ခရီးသွားလုပ်ငန်းတွေကို ပိတ်ပင်ထားခဲ့တာလည်းဖြစ်ပါတယ်။

❍

**ယဉ်ပပထွန်း (VOM)**

# အင်းစိန်တွင် ငြိမ်းစုစီမတင်ဘဲ တပ်မတော်ထောက်ခံပွဲလုပ်သူ ဖမ်းဆီးခံရ

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**



ရန်ကုန်မြို့ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (GTI) ရှေ့ပလက်ဖောင်းမြက်ခင်းပြင်မှာ ဇန်နဝါရီ ၁၉ ရက်နေ့ မနက်ပိုင်းက ငြိမ်းစုစီမတင်ဘဲ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တပ်မတော်က သတင်းထုတ်ပြန်မှုကိုထောက်ခံကြောင်း ပြုလုပ်ခဲ့ရာ ဦးဆောင်သူကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပါတယ်။

"တပ်မတော်က ပြည်သူနဲ့တစ်သားတည်းရှိနေတယ်။ တပ်မတော်ရဲ့ထုတ်ပြန်ချက်တွေဟာ ဒီမိုကရေစီတည်တံ့ရေးကို ဦးတည်နေတယ်၊ တပ်မတော်ရဲ့သဘောထားထုတ်ပြန်ချက်တွေကို ကြိုဆိုတဲ့အနေနဲ့ အခုလိုပြုလုပ်ရခြင်းဖြစ်တယ်"လို့ ဆန္ဒထုတ်ဖော်ပွဲကိုဦးဆောင်သူ ဦးသိန်းဦးက ပြောပါတယ်။

ဆန္ဒထုတ်ဖော်ရာမှာ ငြိမ်းစုစီ မတင်တဲ့အတွက် အင်းစိန်မြို့မရဲစခန်းက ရဲမှူးတစ်ဦးနဲ့ ဆန္ဒထုတ်ဖော်သူတို့ စကားအချေအတင်ဖြစ်ခဲ့ကြပါတယ်။

အဲ့ဒီပွဲကို ဦးဆောင်ပြုလုပ်တဲ့ ဦးသိန်းဦးနဲ့ ဝန်းရံသူ ၁၆ ဦးဟာ ဒီမိုကရေစီတည်တံ့ရေး၊ ပြည်သူ့ဆန္ဒကို ဦးစားပေးပါ၊ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေပါသည် စတဲ့စာသားပါ ဆိုင်းဘုတ်တွေကိုင်ဆောင်ကာ ဆန္ဒပြခဲ့ကြပါတယ်။

ခွင့်ပြုချက်မတင်ဘဲ ဆန္ဒထုတ်ဖော်ခဲ့တဲ့ ဦးသိန်းဦးကို ငြိမ်းစုစီဥပဒေအရ အရေးယူဆောင်ရွက်ဖို့ အင်းစိန်မြို့မ ရဲစခန်းကို ဖမ်းဆီးခေါ်ဆောင်သွားတယ်လို့ သိရပါတယ်။

ဇန်နဝါရီ ၁၈ ရက်ကလည်း ငြိမ်းစုစီမတင်ဘဲ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနဲ့ ပါရမီလမ်းထောင့်မှာ UEC ကိုကန့်ကွက်ကြောင်း ဆန္ဒပြခဲ့တဲ့ ဦးဆောင်သူ ဒေါ်မြင့်ကြည်ကို မရမ်းကုန်းမြို့မရဲစခန်းက ငြိမ်းစုစီပုဒ်မ -၁၉နဲ့ အမှုဖွင့်ထားတယ်လို့ မရမ်းကုန်းမြို့မရဲစခန်းကနေ သိရပါတယ်။

❍**အေးချမ်းသူ (VOM)**

# စစ်ရှောင်များအတွက် နေအိမ်ဆောက်လုပ်ရန် စက်ယန္တရားများလိုအပ်

ဘားအံ၊ ဇန်နဝါရီ ၁၉

စစ်ဘေးရှောင်စခန်းတွေ ပြန်လည်နေရာချထားရေးလုပ်ငန်းထဲက နေအိမ်တွေပြန်တည်ဆောက်လုပ်ဖို့ မြေနေရာပြုပြင်ရာမှာ စက်ယန္တရားလိုအပ်ချက်တွေ ရှိနေတယ်လို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကနေ သိရပါတယ်။



ကရင်ပြည်နယ်အစိုးရအဖွဲ့က လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူအထူးဒေသမှာ ယာယီဖွင့်ထားတဲ့ စစ်ဘေးရှောင်စခန်းကို ပြန်လည်ပိတ်သိမ်းသွားမှာဖြစ်တဲ့အတွက် စစ်ဘေးရှောင်ပြည်သူတွေ နေထိုင်စားသောက်ရေးနဲ့ နေအိမ်တွေပြန်လည်တည်ဆောက်ရေး အဆင်ပြေစေဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

“လောလောဆယ်တော့ စက်ယန္တရားတွေနဲ့ မြေရိုင်းရှင်းလင်းရေးပဲရှိပါသေးတယ်။ ဒီနှစ်ထဲမှာ ပြီးနိုင်ဖို့က စက်ယန္တရားတွေရဲ့အင်အားလိုတာပေါ့။ စက်ယန္တရားကိုင်တွယ်တဲ့လူတွေ Social Distancing ကလည်း ရှိတယ်။ ကျန်းမာရေးညွှန်ကြားချက်နဲ့အညီ လုပ်ရတယ်ဆိုတော့ လုပ်ငန်းပြီးစီးဖို့ မှန်းလို့မရသေးဘူး” လို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းထွဋ်က ပြောပါတယ်။

မြေနေရာဖော်ထုတ်ရာမှာ မြိုင်ကြီးငူဆရာတော်ရဲ့စက်ယန္တရားတစ်စီးတည်းနဲ့ လုပ်ဆောင်နေရတဲ့အတွက် စက်ယန္တရားပျက်ပြီး အလုပ်မဖြစ် ဖြစ်နေတယ်လို့ သိရပါတယ်။

“လောလောဆယ် အစိုးရဆီကပဲ ထောက်ပံ့ပေးသေးတယ်။ လတ်တလော အခက်အခဲက ကားပျက်တဲ့အချိန်မှာ ဘာမှလဲ လုပ်မရတော့ဘူး။ ကားကတော့ ပျက်နေပြီး လူကြီးကတော့ ဘယ်လိုစီမံပေးမလဲမသိဘူး” လို့ မြိုင်ကြီးငူစစ်ဘေးရှောင်စခန်း (တာဝန်ခံ) ဦးထွန်းက ပြောပါတယ်။

စစ်ဘေးရှောင်ပြည်သူတွေ လက်ရှိနေထိုင်တဲ့ နေအိမ်တွေဟာ ပျက်စီးယိုယွင်းနေပြီဖြစ်သလို မိုးတွင်းကာလမှာ လုံခြုံမှုမရှိတော့တဲ့အတွက် မြေကွက်ဖော်ထုတ်ပြီး အမြန်ဆုံးနည်းနဲ့ အိမ်တွေဆောက်လုပ်ပေးဖို့ တောင်းဆိုနေတယ်လို့ မြိုင်ကြီးငူ စစ်ဘေးရှောင်စခန်းမှ ဒေါ်မူမူက ပြောပါတယ်။

“စစ်ရှောင်ပြည်သူတွေအတွက် အိမ်မြန်မြန်လေး ပြီးစေချင်တယ်။ သူတို့က စခန်းပိတ်သိမ်းရေးလုပ်မယ်ဆို အမြန်ဆုံးပြန်ပြောင်းချင်တယ်။ ဘာဖြစ်လို့လဲဆို ဒီမိုးတွင်းကျမှ ပြန်ပြောင်းလာမယ်ဆို သူတို့ လက်ရှိနေတဲ့နေရာမှာ အခက်အခဲရှိတယ်” လို့ ဒေါ်မူမူက ပြောပါတယ်။

ပြန်လည်နေရာချထားရာမှာ မြေရိုင်း ၁၁ ဧကပေါ်မှာ ပေ ၄၀၊ ပေ ၆၀ မြေကွက်ပေါင်း ၁၀၀ ကျော်ကို ဖော်ထုတ်ကာ အိမ်ထောင်စု ၁၀၀ ကျော်အတွက် နေအိမ်တွေဆောက်လုပ်ပေးသွားမှာဖြစ်ပြီး ရရှိမယ့် ဘတ်ဂျက်ပေါ်မူတည်တာကြောင့် အိမ်တန်ဖိုးကို တိတိကျကျ မသတ်မှတ်ရသေးဘူးလို့ သိရပါတယ်။

၂၀၁၆ ခုနှစ်က ဒီကေဘီအေခွဲထွက်အဖွဲ့နဲ့ တပ်မတော်အကြား နှစ်ဖက်တိုက်ပွဲတွေကြောင့် ကျေးရွာပေါင်း ၂၈ ရွာက အိမ်ထောင်စုဝင်ပေါင်း ၇၀၀ ကျော်၊ လူဦးရေ ၅၀၀၀ ကျော်အတွက် ယာယီအိမ် ၅၀၀ ခန့် ဆောက်လုပ်ပြီး စစ်ဘေးရှောင်စခန်းမှာ ခိုလှုံနေရတယ်လို့ သိရပါတယ်။

❍

**ခွန်ခမ့်သူ (VOM)**

---

**စာ - 6 စစ်ရှောင်စခန်းက ရခိုင်အမျိုးသမီးငယ်များ၏ မျှော်လင့်ခြင်း ပွဲတင်သံ မှ အဆက်**



အကြောင်းအရာ သန်းခေါင်စာရင်းတွင် ဖော်ပြသည်။

ထိုအချိန်က ရခိုင်ပြည်နယ်တွင် ပဋိပက္ခဖြစ်ပွားမှုမှာ ယခုအချိန်လောက်မရှိသေးဘဲ ၂၀၁၆၊ ၂၀၁၇ မောင်တော အကြမ်းဖက်မှုနှင့် ၂၀၁၈ နှစ်ကုန်ပိုင်းကစ၍ ဖြစ်ပွားလာသောတိုက်ပွဲများကြောင့် အလုပ်လက်မဲ့နှုန်းမှာ သန်းခေါင်စာရင်းကောက်ယူခဲ့ချိန်ထက်ပိုများနေလောက်ပြီဟု မောင်တောမဲဆန္ဒနယ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်အုန်းက ခန့်မှန်းပြောသည်။

“စားသောက်ရေးအတွက် ကူညီပေးသလို စစ်ရှောင်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ၊ လက်မှုပညာတွေလည်း သင်ပေးမယ်ဆိုရင် စစ်ရှောင်စခန်းက တခြားနေရာတွေကို ရောက်သွားရင်လည်း သူတို့တွေ အဆင်ပြေနိုင်တယ်။ အဲဒါကြောင့် စစ်ရှောင်တွေအတွက် အလုပ်အကိုင် အခွင့်အလမ်းတွေလည်း ဖန်တီးပေးကြပါလို့” ဦးမောင်အုန်းက တိုက်တွန်းသည်။

အမ်းမြို့နယ်ရှိ စစ်ရှောင်စခန်းတချို့တွင် ခိုလှုံနေကြရသော မိသားစုဝင်တချို့မှာ မိမိတို့တတ်ကျွမ်းသည့်လက်မှုပညာများဖြင့် ဝါးဖြင့်ပြုလုပ်သည့် လူ့အသုံးအဆောင်ပစ္စည်းများ၊ ရက်ကန်းအသုံးပြုအထည်များကို ချုပ်လုပ်၍ စစ်ရှောင်မိသားစုဝင်များကို ကူညီပေးနေသူလူငယ်တချို့က လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ကြေညာရောင်းချပေးနေသည်။

သို့သော် သီးသန့်သင်တန်းပေး သင်ကြားပေးခြင်းမရှိဘဲ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်နေသည်ဟု အမ်းမြို့နယ် စစ်ရှောင်စခန်းရှိ မိသားစုဝင်များကို အကူအညီပေးနေသူ မစနုနိုင်က ပြောသည်။

“အခု သူတို့လုပ်နေတာက သာမန်အဆင့်ပဲရှိတာမို့ အဆင့်မြှင့်သင်တန်းမျိုးလေးတွေ သင်ပေးစေချင်ပါတယ်” ဟု မစနုနိုင်က ဆက်ပြောသည်။

တခြားမြို့နယ်များရှိစစ်ရှောင်စခန်းက အမျိုးသမီးများမှာ ဟင်းရွာ၊ ငါးရှာသည့်အလုပ်ဖြင့်သာ မိမိတို့၏ ဝမ်းရေးကို ဖြေရှင်းနေကြရသည်ဟု မြေပုံမြို့နယ် ကမ်းထောင့်ကြီး စစ်ရှောင်စခန်းက အမျိုးသမီးများက ပြောသည်။

“ဒီမှာရှိတဲ့ မိသားစုတွေအကုန်လုံးက အစိုးရနဲ့ လူမှုအဖွဲ့အစည်းတွေရဲ့ အကူအညီကိုပဲ အားကိုးနေရတယ်။ တကယ်လို့ အလုပ်လုပ်နိုင်သူတွေကို အလုပ်အကိုင်တွေ လုပ်တတ်အောင် ဖန်တီးပေးလိုက်မယ်ဆိုရင် အစိုးရနဲ့ အကူအညီပေးရေးအဖွဲ့တွေကို အားကိုးစရာမလိုတော့ဘူးပေါ့” ဟု စစ်ရှောင်မိသားစုများကို ကူညီဆောင်ရွက်ပေးနေသည့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ အစည်းအရုံးအတွင်းရေးမှူး ကိုဇော်ဇော်ထွန်းက ပြောသည်။

ရခိုင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် စစ်တွေမြို့တွင်ရှိသော အိမ်တွင်းမှု ပညာသင်ကျောင်းတွင် စစ်ရှောင်စခန်းက အမျိုးသမီးငယ်များကိုခေါ်ယူ၍ အခြေခံနှင့် အဆင့်မြှင့် စက်ချုပ်သင်တန်းများကို ပေးနေပြီး စစ်ရှောင်စခန်းများသို့လည်း သွားရောက်သင်တန်းပေးမှုများရှိနေကြောင်း ရခိုင်ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက ပြောသည်။

“ဌာနက သင်တန်းကျောင်းရှိတဲ့ စစ်တွေမြို့ရှိ စစ်ရှောင်စခန်းနှစ်ခုက အမျိုးသမီးငယ်တွေကို အခြေခံနှင့် အဆင့်မြှင့် စက်ချုပ်သင်တန်းတွေ ပေးနေပါတယ်။ တခြားမြို့နယ်တွေက စခန်းတွေမှာတော့ သိပ်မလုပ်ဖြစ်ပါဘူး။ လူမှုကူညီရေးအဖွဲ့တွေက လုပ်ချင်တယ်လို့ တင်ပြလာရင်တော့ ပူးပေါင်း ဆောင်ရွက်ပေးပါတယ်” ဟု ၎င်းကဆိုသည်။

စစ်ရှောင်များကို ကူညီဆောင်ရွက်ပေးနေသော အိုင်အင်န်ဂျီအိုအဖွဲ့များမှာလည်း အရေးပေါ် စားသောက်ရေး၊ သန့်ရှင်းရေး စသည့်ကဏ္ဍများကိုသာ ဆောင်ရွက်ပေးနေပြီး အလုပ်အကိုင်အခွင့်အလမ်းအတွက် တစ်စုံတစ်ရာ ဖန်တီးပေးမှုမရှိသေးကြောင်း အိုင်အင်န်ဂျီအိုဝန်ထမ်းတချို့က ပြောသည်။

လက်ရှိ ရခိုင်ပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားမှု နည်းလာခြင်းနှင့်အတူ တချို့စစ်ရှောင်များမှာ မိမိနေရပ်သို့ ယာယီပြန်နေကြသော်လည်း အများစုမှာ မပြန်နိုင်ကြသေးပေ။

သို့သော်လည်း ရခိုင်ရှိ စစ်ရှောင်စခန်းများတွင် နေထိုင်ခဲ့ရသော မိသားစုများ၏သက်တမ်းမှာ နှစ်နှစ်ခန့် ရှိခဲ့ပြီဖြစ်သဖြင့် သက်မွေးပညာရပ်တစ်ခုခုကို စစ်ရှောင်စခန်းများက ရရှိခဲ့မည်ဆိုပါက ၎င်းတို့အတွက် အကျိုးရှိသောပညာရပ်တစ်ခုအဖြစ် အမျိုးသမီးငယ်များ၏ဘဝရှေ့ရေးအတွက် အသုံးဝင်နေမည်ဟု ရန်အောင်မြေစစ်ရှောင်စခန်းက စက်ချုပ်ဆရာမ မနွယ်နွယ်က ပြောသည်။

အလုပ်အကိုင်ရှားပါးမှု၊ လက်နက်ကိုင်တိုက်ပွဲများနှင့် လူမျိုးရေးအဓိကရုဏ်းများအကြားက ဆင်းရဲတွင်း နက်သထက်နက်လာသည့် ရခိုင်ပြည်နယ်မှ စစ်ရှောင်စခန်းရောက် ဒေသခံများအိမ်ပြန်ချိန်က ဘယ်တော့မှန်းမသေချာသေး။

သို့သော်လည်း စစ်ရှောင်စခန်းက ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များ၏မျှော်လင့်ချက်များကိုတော့ အပ်ချုပ်စက်များမှထွက်လာသည့် စက်သံများနှင့်အတူ ပွဲတင်ထပ်နေအောင် အတိုင်းသားကြားနေရသည်။ ❍ **သန့်ရှင်းထွန်း / Honest Information**

ဇန်နဝါရီလ ၁၇ ရက်သည် တနင်္ဂနွေနေ့ဖြစ်သော်လည်း နှစ်ကုန်ပိုင်းကတည်းက မပြီးပြတ်သေးသောလုပ်ငန်းများကြောင့် နံနက်စောစောကတည်းကပင် ရုံးသို့ရောက်နေသည်။ ပုံမှန်အတိုင်းရုံးလုပ်ငန်းများဆောင်ရွက်နေစဉ် သတင်းတစ်ခုကြားသိရသဖြင့် တုန်လှုပ်သွားရသည်။ လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် Heart Attack ကြောင့် မထင်မှတ်ဘဲ လောကကြီးမှ ထွက်ခွာသွားရပြီဆိုသော သတင်းဆိုးကြီးပင်ဖြစ်သည်။ အသက် ၃၀ ကျော်သာရှိသေးသည်။ တာဝန်ကျေပွန်သူ၊ လုပ်ဖော်ကိုင်ဖက်များအပေါ် ကိုယ်ချင်းစာနာ နားလည်တတ်သူ၊ ဟိတ်ဟန်မရှိသူ၊ စိတ်သဘော ထား ပြည့်ဝသူတစ်ဦးဖြစ်သောကြောင့် များစွာစိတ်မကောင်းဖြစ်ရသည်။ မိသားစုဝင်များ ယူကျုံးမရဖြစ်ကြရမည်ဖြစ်သည်။ မနက်ဖြန်ဆိုသော အချိန်သည် ဝေးကွာသေးသော်လည်း သေခြင်းတရားသည် စာရေးသူတို့ အနီးအနားတွင် ရှိနေသည်။

**အချိန်မရွေးသေဆုံးနိုင်**

အမှန်တော့ စာရေးသူတို့သည် မွေးဖွားလာချိန်မှစ၍ သေဆုံးခြင်းဆီသို့သာ သွားနေကြရသည်။ သက်တမ်းကုန်ဆုံး၍ သေဆုံးရခြင်း၊ ကံကုန်၍ သေဆုံးရခြင်း၊ သက်တမ်းနှင့်ကံကုန်ဆုံး၍ သေဆုံးရခြင်း၊ လက်နက်အပါအဝင် ဘေးအန္တရာယ်နှင့်ကပ်ရောဂါတစ်မျိုးမျိုးကြောင့် သေဆုံးရခြင်းဟူ၍ သေဆုံးခြင်းလေးမျိုးရှိသည်ဟု ဆိုသည်။ စာရေးသူတို့အားလုံးသည် စက္ကန့်တိုင်း သေခြင်းတရားနှင့်ရင်ဆိုင်နေရသော်လည်း ထိုသေခြင်းတရားသည် မိဘများကိုအလုပ်အကျွေးပြုနေသူများ၊ အခြားသူများအပေါ် ရိုင်းပင်းကူညီသူများ၊ ကျရာတာဝန်ကို မခိုမကပ်လုပ်ဆောင်သူများ၊ စိတ်သဘောထားပြည့်ဝသူများ၊ မိသားစုများမှ မှီခိုအားထားနေရသူများကိုပင်ရွေးပြီး အချိန်မတိုင်မီခေါ်ဆောင်နေသလားဟုပင် ထင်ရပါသည်။ ထို့ကြောင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရ မျှတနေအောင် အထူးဂရုစိုက်ဖို့ လိုပေသည်။

**ကြုံတွေ့ခဲ့ရ**

စာရေးသူသည် ငယ်စဉ်က ကျေးလက်ဒေသတွင် ကြီးပြင်းခဲ့ရသည်။ ကျေးလက်ဒေသတွင် စိတ်သဘောထားပြည့်ဝသူများ၊ အထူးသဖြင့် အနေအေးသည့် အပျိုကြီး၊ လူပျိုကြီးများကို တွေ့ခဲ့ဖူးသည်။ ၎င်းတို့သည် ရပ်ရေး၊ ရွာရေးအပါအဝင် မိသားစုအရေးတွင် တက်တက်ကြွကြွလုပ်ဆောင်လေ့ရှိသည်။ မိသားစုများအပေါ်တွင်လည်း အနွံတာခံလေ့ရှိသည်။ ဘာသာတရားလည်း ကိုင်းရှိုင်းလေ့ရှိကြသည်။ မိဘ ဘိုးဘွားများအပေါ် သိတတ်သလို သက်တူရွယ်တူများကိုလေးစားပြီး ငယ်ရွယ်သူများအပေါ်တွင်လည်း ညှာတာထောက်ထားကြသည်။ ထိုသို့စိတ်နေစိတ်ထားကောင်းမွန်သူ၊ သဘောထားပြည့်ဝသူအများစုသည် သက်တမ်းရှည်ကြာစွာ နေထိုင်သွားရလေ့မရှိဘဲ အကြောင်းအမျိုးမျိုးကြောင့် သက်တမ်းတိုလေ့ရှိသည်။ တိုက်ဆိုင်မှုလားတော့ မပြောတတ်ပေ။ လက်ရှိဘဝတွင် လူမှုကျင့်ဝတ်၊ မင်္ဂလာတရားတော်များနှင့်အညီ နေထိုင်သော်လည်း အတိတ်ကံကြောင့် အသက်တိုကြရသည်ဟု ထင်မိပါသည်။ အလားတူ ဝန်ထမ်းလောကတွင်လည်း စိတ်စေတနာကောင်းမွန်သူများ၊ အနေအေးသူများ၊ လုပ်ဖော်ကိုင်ဖက်များအပေါ် ကိုယ်ချင်းစာတရား လက်ကိုင်ထားသူများအနက် စိတ်နေစိတ်ထားထူးခြားသူအချို့သည် မထင်မှတ်ဘဲ နှုတ်ဆက်ထွက်ခွာသွားတတ်ကြသည်။ သာဓကအနေဖြင့် စာရေးသူ၏လုပ်ဖော်ကိုင်ဖက်တစ်ဦးသည် ဌာနတစ်ခုတည်းတွင် အတူ တာဝန်ထမ်းဆောင်စဉ်က လုပ်ငန်းတာဝန်များကို အခြားသူများထက် သုံးဆ၊ လေးဆလောက် လုပ်ဆောင်သွားခဲ့သည်။ သို့သော် လွန်ခဲ့သော ၅ နှစ်ကျော်လောက်က တာဝန်ထမ်းဆောင်ရင်း အသက်စွန့်လွှတ်သွားခဲ့ရသည်။ သေခြင်းတရားသည် မျက်နှာလိုက်သည်ဟု ဆိုချင်ပါသည်။

**မျက်စိမှောက်နေ**

သို့သော် ကိုယ်ချင်းစာတရားကင်းမဲ့သူများ၊ အသေးအမွှားကိစ္စကိုပြဿနာလုပ်လိုသူများ၊ တစ်စိတ်ကို တစ်အိတ်လုပ်လိုသူများ၊ ငယ်သည့်အမှု ကြီးအောင်လုပ်လိုသူများ၊ အပ်နှင့်ထွင်ရမည်ကို ပုဆိန်နှင့်ပေါက်လိုသူများ၊ အာဏာပါဝါပြလိုကြသူများ၊ ရာထူးမန်တက်နေသူများ၊ နားထင်သွေးရောက်နေသူများ၊ ဟောက်စား၊ ကောက်စားများ၊ ကိုယ်စီ တာဝန်လစ်ဟင်းနေကြသူများ၊ အထက်ဖားအောက်ဖိများ၊ အနားပြာများ၊ ကတုန်းကတိုက်လုပ်သူများ၊ ကောက်ကျစ်ယုတ်မာသူများ၊ ကိုယ်ကျင့်တရားပျက်နေသူများ၊ ကြီးနိုင်ငယ်ညှဉ်းများ၊ မူးယစ်ယမ်းကားသူများ၊ အတိုးကြီးပေးစားသူများ၊ သတ္တဝါများကို ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်သူများမှာမူ သက်ဆိုးရှည်လေ့ရှိကြသည်။ အတိတ်ကုသိုလ်ကံကြောင့်ဟု ထင်မိပါသည်။ ထိုသို့ဆိုလျှင် သေခြင်းတရားသည် တရားမျှတမှုမရှိဟု ဆိုချင်ပါသည်။ ထို့အပြင် သေခြင်းတရားသည် ဘယ်သူသေသေ၊ ငတေမာရင်ပြီးဆိုသည့်ပုဂ္ဂိုလ်များ၊ ဆွေမျိုးကောင်းစားရေးဝါဒ လက်ကိုင်ထားသူများ၊ ဆရာမွေး၊ တပည့်မွေးကြသူများ၊ လူတစ်စုကောင်းစားရေး ကြိုးပမ်းကြသူများ၊ အာဏာမက်မောသူများကိုမူ ခပ်စောစောခေါ်သွားဖို့ရန် မျက်စိမှောက်နေပြန်သည်။ သာဓကအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကြီးသည် လူသားတွေကို ဆေးဝါးစောင့်ရှောက်ပြီး အသက်ကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် ဆရာဝန်များနှင့် သူနာပြုများ၏အသက်ကို ချမ်းသာခွင့်မပေးသော်လည်း အရက်ဆိုင်များ၊ ဘီယာဆိုင်များ၊ ကေတီဗီများ၊ နိုက်ကလပ်များ၊ အနှိပ်ခန်းများနှင့် အပျော်မယ်အိမ်များသို့သွားနေသူများကိုမူ မျက်စိမှောက်နေပြန်သည်။ ကံတရားသည် ဆန်းကြယ်လွန်းလှပေသည်။

**ကြိုတင်ပြင်ဆင်ထားရန်လို**

ဆိုရလျှင် တစ်ခါတစ်ရန်ကြုံတွေ့ရသည့်ဖြစ်စဉ်များသည် မယုံနိုင်စရာပင်ဖြစ်သည်။ မမျှော်လင့်သည့်အရာများ ဖြစ်လာတတ်သည်။ လူတစ်ဦးသည် အကောင်းပကတိကပင်လျှင် ကောက်ကာငင်ကာ အသက်ဆုံးရှုံးသွားကြရသည်။ ‘ကွေးသောလက်မဆန့်မီ၊ ဆန့်သောလက်မကွေးမီ’ ဆိုသည့်အတိုင်း အချိန်မရွေး သေခြင်းတရားနှင့်ရင်ဆိုင်ရနိုင်ကြောင်းကို ကြိုတင်မျှော်တွေး ပြင်ဆင်ထားမှသာလျှင် တန်ကာကျပေမည်။ ဆိုလိုသည်မှာ ဥစ္စာ၊ ပညာ၊ စီးပွားရှာရင်း ကုသိုလ်ကောင်းမှုကိုလည်း တတ်နိုင်သမျှ လုပ်ဆောင်သွားသင့်ပေသည်။ အိမ်ထောင်ဦးစီးများဆိုလျှင် မိသားစုအတွက် ကြိုတင် ပြင်ဆင်ထားရန် လိုအပ်ပေသည်။ တချို့သောမိသားစုများတွင် အိမ်ထောင်ဦးစီးဖြစ်သူ ရုတ်တရက်ထွက်ခွာသွားလျှင် မလုပ်တတ် မကိုင်တတ်ဖြစ်ကြရသည်။ ထို့ကြောင့် ဇနီးနှင့် သား၊ သမီးများကိုလည်း စီမံခန့်ခွဲတတ်အောင် ကြိုတင်လေ့ကျင့်သင်ပြထားရန် လိုအပ်ပေသည်။ မိသားစုအတွက် စီးပွားရှာရင်း မိမိဘဝအတွက်လည်း ကြိုတင်ပြင်ဆင်သွားရန် လိုအပ်ပါသည်။ အတ္တနှင့်ပရ မျှတအောင်လုပ်ဆောင်သွားမည်ဆိုလျှင်တော့ ပိုမိုကောင်းမွန်ပါသည်။

**စိတ်ကောင်းရှိသူများ သက်တမ်းစေ့နေခွင့်ရှိစေလို**

မျက်မှောက်ခေတ်ကြီးတွင် ကြုံတွေ့ရသောဖြစ်စဉ်များသည် တစ်ခါတစ်ရံ လွန်စွာဆန်းကြယ်လွန်းလှပေသည်။ လူမိုက်များက ကံကောင်းပြီး လူဆိုးများက သက်ဆိုးရှည်နေတတ်သည်။ ကောသလမင်းကြီး အိပ်မက်ထဲကလို ဟသ်ာများသည် ကျီးမိုက်ကိုဝန်းရံထားရသလို ပညာရှိများသည် တချို့သောပညာမဲ့များ ခိုင်းသည့်အတိုင်း လိုက်ပါလုပ်ဆောင်နေရသဖြင့် ထွက်ပေါ်လာသောရလဒ်များသည် အလွဲလွဲအမှားမှား ဖြစ်နေတတ်သည်။ သာဓကအနေနှင့် တချို့သောအဖွဲ့အစည်းများနှင့် နေရာများတွင် လိုလားချက်ကို တိကျရှင်းလင်းစွာ ပြောဆိုနိုင်စွမ်းမရှိသဖြင့် လိုက်ပါလုပ်ဆောင်ရ သူများနှင့် အကောင်အထည်ဖော်ရသူများသည် အချိန်ကုန် လူပန်းသာဖြစ်ပြီး ရလဒ်ကောင်းတစ်စုံတစ်ရာမျှ ထွက်မလာသောဖြစ်စဉ်မျိုးပင်ဖြစ်သည်။




**မျက်မှောက်ခေတ်ကြီးတွင် ကြုံတွေ့ရသောဖြစ်စဉ်များသည် တစ်ခါတစ်ရံ လွန်စွာဆန်းကြယ်လွန်းလှပေသည်။ လူမိုက်များက ကံကောင်းပြီး လူဆိုးများက သက်ဆိုးရှည်နေတတ်သည်။ ကောသလမင်းကြီး အိပ်မက်ထဲကလို ဟသ်ာများသည် ကျီးမိုက်ကို ဝန်းရံထားရသလို ပညာရှိများသည် တချို့သောပညာမဲ့များ ခိုင်းသည့်အတိုင်း လိုက်ပါလုပ်ဆောင်နေရသဖြင့် ထွက်ပေါ်လာသောရလဒ်များသည် အလွဲလွဲအမှားမှား ဖြစ်နေတတ်သည်။ သာဓကအနေနှင့် တချို့သောအဖွဲ့အစည်းများနှင့် နေရာများတွင် လိုလားချက်ကို တိကျရှင်းလင်းစွာ ပြောဆိုနိုင်စွမ်းမရှိသဖြင့် လိုက်ပါလုပ်ဆောင်ရ သူများနှင့် အကောင်အထည်ဖော်ရသူများသည် အချိန်ကုန် လူပန်းသာဖြစ်ပြီး ရလဒ်ကောင်းတစ်စုံတစ်ရာမျှ ထွက်မလာသောဖြစ်စဉ်မျိုးပင်ဖြစ်သည်။**

အထူးသဖြင့် လူမှုအသိုက်အဝန်းထဲတွင်လည်း မူးယစ်ယမ်းကားပေပေတေတေနေသူများ၊ ပြဿနာရှာတတ်သူများသည် သက်ဆိုးရှည်တတ်ပြီး မိဘများကို အလုပ်အကျွေးပြုနေသူများ၊ မိသားစုများကို ရှာဖွေကျွေးမွေးနေသူများသည် သက်တမ်းစေ့ နေထိုင်ခွင့်ရမသွားကြပေ။ ကံသည် အလုပ်ဟုဆိုသော်လည်း တစ်ခါတစ်ရန် ကံတရားသည် မျက်နှာလိုက်လွန်းသည်ဟုပင် ဆိုချင်ပါသည်။ ယခုလည်း သေခြင်းတရားသည် လုပ်ဖော်ကိုင်ဖက်များအပေါ် စာနာနားလည်တတ်သူ၊ ကိုယ့်ထက်အသက်အရွယ်ကြီးသူကို တလေးတစား ဆက်ဆံတတ်သူ၊ တာဝန်ကိုကျေပွန်စွာထမ်းဆောင်တတ်သူ၊ စိတ်ရင်းစေတနာကောင်းမွန်သူကိုမှ မညှာတာဘဲ စောစောစီးစီး ခေါ်ဆောင်သွားသည်။ များစွာစိတ်မကောင်းဖြစ်ရသည်။ သို့သော် ပတ်ဝန်းကျင်နှင့် လူ့အသိုက်အဝန်းအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်နေအောင်လုပ်ဆောင်တတ်သူများ၊ မိမိကျရာအခန်းကဏ္ဍကိုကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိသူများ၊ ကိုယ်တိုင်အားထုတ်ကြိုးပမ်းလိုစိတ် မရှိသူများ၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုလိုသူများ၊ အာဏာပါဝါပြလိုသူများ၊ အဂတိလိုက်စားသူများနှင့် လူမှုရေးဖောက်ပြန်သူများကိုမူ မျက်စိမှောက်နေတတ်သည်။ ထို့ကြောင့် မိဘများ၊ မိသားစုများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တိုင်းပြည်နှင့်လူမျိုးအပေါ် အကျိုးပြုနေသည့်စိတ်ကောင်းစေတနာရှိသူများကို သက်တမ်းစေ့နေထိုင်ခွင့် ပေးသွားစေလိုပါကြောင်း သေခြင်းတရားကို တောင်းဆိုသွားလိုပါသည်။

❍

**မောင်သောင်းဝင်း(တမန်ဟောင်း)**




**ကြုံရဆုံရသည့်** အရာတိုင်းသည် စစ်မှန်သောအလှ တရားများနှင့် နီးစပ်နိုင်ပါသည်။ စစ်မှန်သောအရာတိုင်းနှင့် နီးစပ်ကြသည့်အချိန်တိုင်းကို တည်မြဲခြင်းတစ်ခုအဖြစ် သတ်မှတ်မထားကြဖို့ရန် လိုအပ်ပါသည်။ ခေတ္တခဏတာရောက်ရှိလာသော ဧည့်သည်များအဖြစ် သတ်မှတ်ယုံကြည်ထားနိုင်ကြမည်ဆိုလျှင် ငြိမ်းချမ်းခြင်းများသည် အနီးအနား တွင်သာ ရှိနေမည်ဖြစ်သည်။ လူသားများ၏ ရှင်သန်မှုလောကကြီးသည် အတုအယောင်များဖြင့် ဖုံးလွှမ်းထား တတ်ပါသည်။ အယောင်ဆောင်မှုများဖြင့် သိမ်းသွင်းထားတတ်ကြပါသည်။ အယုံလွယ်မှုများကြောင့် ဒဏ်ရာနက်နက်များကို ရရှိတတ်ကြပါသည်။

အယောင်ဆောင်ချစ်ခြင်းတရားများနှင့် ရင်းနှီးကျွမ်းဝင်ထိမိကြသည့်အချိန်တွင် ပြေးလွှားနေကြသော ခြေလှမ်းများသည် တုန့်ဆိုင်းနှေးကွေးလေးလံသွားပေသည်။ ရပ်တန့်၍ သွားတတ်ပါသည်။ မျှော်လင့် ရည်မှန်းထားကြသော မျှော်လင့်ချက်များသည်လည်း ပျက်စီးလို့သွားပေသည်။ ဘဝတစ်ခုအတွက် ဆောက်တည်ရာမဲ့အခြေနေသို့ ရောက်ရှိလို့သွားကြပေသည်။ ဤသည်မှာ ဟန်ဆောင်မှုများကို အယုံလွယ်ခဲ့ခြင်းများကြောင့် ဖြစ်ပေသည်။

အယုံလွယ်ခဲ့သည့် ချစ်ခြင်းတရားများကြောင့် ထင်မှတ်မထားသော ဒုက္ခတရားများက ဘဝတစ်ခုကို တိုက်ရိုက်လာထိတတ်ပါသည်။ ထိုသို့ တိုက်ရိုက်လာထိသည့်အချိန်တွင် ပျော်ရွှင်စွာဖွဲ့စည်းထားသော မျှော်လင့်ချက်များသည်လည်း ပျက်စီးကာသွားပေသည်။ အတူတကွတည်ဆောက်လိုသော အနာဂတ်ခရီးတစ်ခုသည် ပျက်စီးကာသွားပေမည်။ အချို့သောသူများ၌ အနာဂတ်တစ်ခုလုံးကို ဖျက်ဆီးခံလိုက်ရသည့်ပမာ ပျက်စီးသွားပေသည်။ ဤသည်မှာ အယုံလွယ်စွာ ပေးဆပ်ခဲ့သည့် ချစ်ခြင်းတရားများကြောင့်ဖြစ်ပါသည်။

အယုံလွယ်အောင်ပြောဆိုရန် လေ့ကျင့်ထားသူတစ်ယောက်အနေဖြင့် အယုံသွင်းကာ လိမ်ညာခဲ့သူတစ်ယောက်အနေနှင့် ပျော်ရွှင်မှုများသည် ကြာရှည်တည်မြဲရန် ခက်ခဲပေမည်။ ခဏတာပျော်ရွှင်ရမည့် အခွင့်အရေးတစ်ခုအတွက် အယုံသွင်းတည်ဆောက်လိုက်သည့် ယုံကြည်မှုများသည် နောင်တများဆီသို့ ပြန်လည်ခေါ်ဆောင်သွားပေမည်။ တစ်ကိုယ်တည်းသာလျှင် နောင်တများနှင့် လုံးထွေးနေရတတ်ပါသည်။ အယုံလွယ်စေရန် အားထုတ်ခဲ့ရသောအချိန်များကို ပြုပြင်လိုခြင်းများဖြင့် ပူလောင်နေပေမည်။ ဤသည်မှာ အယုံသွင်းခဲ့သူတစ်ယောက်၏ တန်ပြန်ရရှိသော လူမသိသည့်ဒဏ်ရာပင်ဖြစ်သည်။

ယုံကြည်မှုအစစ်မှန်မဟုတ်ပါဘဲ ရရှိထားသောဘဝတစ်ခုကို အစစ်အမှန်အနေဖြင့် ပြန်လည်လိုချင်မိသည့်အချိန်တွင် အယုံသွင်းကာယူခဲ့မိသောအမှားသည် ဒဏ်ရာတွေအဖြစ် ပြန်ပေးနေပေမည်။ မှားယွင်းစွာရယူထားသော ချစ်ခြင်းတရားများသည် မိမိအတွက် ပူလောင်မှုအဖြစ်ရစ်ဖွဲ့တိုးဝှေ့ချိန်တွင် အမှန်တရားများကို ဖွင့်ဟရန် ခက်ခဲလို့သွားပေမည်။ ဖွင့်မပြောရဲသည့် အနေအထားမျိုးပင် ဖြစ်လို့သွားပေသည်။ ဤသည်မှာ အယုံသွင်းတည်ဆောက်ထားသည့် ဘဝတစ်ခု၏ နှောင်းဒဏ်ရာနက်နက်ပင်ဖြစ်ပေသည်။

**လောကတွင် အယုံလွယ်သူနှင့်**
**အယုံသွင်းသူကြားတွင်**
**ခြားနားသည့်ဒဏ်ရာများကို ကိုယ်စီရရှိကြပေမည်။**
**ဘက်ညီမှုမရှိသော ခံစားမှုများဖြင့်**
**ဒဏ်ရာနက်နက် ရရှိကြပေမည်။ အယုံလွယ်သူရော၊**
**အယုံသွင်းသူပါ ဆင်းရဲမှုအိမ်ထဲတွင်**
**နစ်မြုပ်သွားနိုင်ပေသည်။**
**အယုံလွယ်သူနှင့် အယုံသွင်းသူတွင်**
**မည်သူက ပိုမိုခံစားရမည်နည်း။**
**မည်သူက အောင်နိုင် သူဖြစ်မည်နည်း။**
**မည်သူက ရှုံးနိမ့်သူဖြစ်မည်နည်း။**
**ကျွန်တော်တို့တစ်တွေ အနေနှင့်**
**တွေးကြည့်ခံစားစရာပင် ဖြစ်သည်။**

**ကျွန်တော်တို့တစ်တွေသည် မိမိကိုယ်ကိုယ် ဧည့်သည်ဟူသော**
**ခံစားချက်မျိုးကို အမြဲမွေးမြူထားဖို့လိုပါသည်။**
**လက်ဆတ်သောရနံ့များကို ရှူသွင်းနေရသည့်တိုင်အောင်ပင်**
**အဝေးရောက်ဧည့်သည်များအဖြစ်ဖြင့်  ကိုယ့်ကိုယ်ကိုယ် သတိချက်မိဖို့ လိုအပ်ပါသည်။**
**အရိပ်ထဲတွင် စိမ့်ခနဲအေးနေရသည့်ဘဝများဟု ခံစားမိကြသော်လည်းပဲ**
**အပူထဲကဘဝများပင် ဖြစ်ပါသည်။**
**အပူလမ်းမပေါ်က ဘဝများပင်ဖြစ်ပါသည်။**
**အဝေးကလှမ်းခေါ် လို့ရနေသည့် ဘဝများပင်ဖြစ်ပါသည်။**

လောကတွင် အယုံလွယ်သူနှင့် အယုံသွင်းသူကြားတွင် ခြားနားသည့်ဒဏ်ရာများကို ကိုယ်စီရရှိကြပေမည်။ ဘက်ညီမှုမရှိသော ခံစားမှုများဖြင့် ဒဏ်ရာနက်နက် ရရှိကြပေမည်။ အယုံလွယ်သူရော၊ အယုံသွင်းသူပါ ဆင်းရဲမှုအိမ်ထဲတွင် နစ်မြုပ်သွားနိုင်ပေသည်။ အယုံလွယ်သူနှင့် အယုံသွင်းသူတွင် မည်သူက ပိုမိုခံစားရမည်နည်း။ မည်သူက အောင်နိုင်သူဖြစ်မည်နည်း။ မည်သူက ရှုံးနိမ့်သူဖြစ်မည်နည်း။ ကျွန်တော်တို့တစ်တွေ အနေနှင့် တွေးကြည့်ခံစားစရာပင် ဖြစ်သည်။

ကျွန်တော်တို့တစ်တွေသည် အစစ်အမှန်တရားများကို လိုချင်သော်လည်း မိမိတို့ကိုယ်တိုင်က အစစ်အမှန်တရားများဆီသို့ ချဉ်းကပ်နိုင်ဖို့ရန် ခဲယဉ်းတတ်ပါသည်။ တစ်နည်းအားဖြင့် ကျွန်တော်တို့တစ်တွေကိုယ်တိုင်က ဟန်ဆောင်မှုများနှင့် အရောတဝင်ဖြစ်နေတတ်ကြပါသည်။ ဟန်ဆောင်ခြင်းများကို မသိမသာတပ်မက်နေမိကြပေသည်။ ဟန်ဆောင်ခြင်းကင်းသော အပြုအမူများဖြင့် လိုအပ်သည့်နေရာများကို ချဉ်းကပ်တတ်သည့် အကျင့်များ မွေးမြူနိုင်ကြဖို့ရန် ခက်ခဲနေကြပေမည်။ ဟန်ဆောင်မှုဝဲဂယက်ထဲကနေ၍ ထွက်နိုင်ကြရန် ခဲယဉ်းကြပေမည်။

ကျွန်တော်တို့တစ်တွေသည် ရှင်သန်တည်ဆောက်လို့ရသည့် ဘဝတစ်ခုကို အဆုံးသတ်လုပဖို့ရန်အတွက် တွေးထားကြရန် အထူးလိုအပ်ပါသည်။ မှားယွင်းစွာ ဖန်ဆင်းတည်ဆောက်ထားသော ဘဝတစ်ခုထဲတွင် လိပ်ပြာလုံလုံ၊ နောက်ကျောလုံလုံဖြင့် အိပ်ပျော်နိုင်ဖို့ရန်ကား လွယ်ကူမည်မဟုတ်ပေ။ မှားယွင်းဖောက်လုပ်ထားသော လမ်းမပေါ်တွင် အန္တရာယ်ကင်းကင်းဖြင့် သွားလာနိုင်ကြဖို့ရန် အလွန်ခက်ခဲပေမည်။ ကျွန်တော်တို့အနေနှင့် အထူးသတိထားမိကြဖို့ လိုအပ်ပါသည်။

ကျွန်တော်တို့တစ်တွေသည် ဟန်ဆောင်မှုဝဲဂယက်ထဲတွင် မိမိတို့၏ တည်နေရာကို သဘောပေါက်ကျဖို့ရန် လိုအပ်ပါသည်။ မိမိတို့၏ တည်နေရာကို သိရှိကြဖို့ရန် လိုအပ်ပါသည်။ စိတ်မှန်းမျှော်လင့်ချက်များဖြင့် တွဲခိုကပ်တွယ်လိုသော သဘောတရားများကို စဉ်းစားမိကြဖို့ လိုအပ်ပါသည်။ တစ်နည်းအားဖြင့် ဧည့်သည်အဖြစ်ရောက်ရှိလာကြသော မိမိတို့၏ဘဝများကို ယုံကြည်မှုအတုများဖြင့် တွယ်ကပ်မထားသင့်သလိုပင်၊ အယုံလွယ် ခေါင်းညိတ်လက်ခံတတ်သော အယုံလွယ်မှုများကိုလည်း တွဲခိုမနေသင့်ပါပေ။ တန်ပြန်မှုများမှာ မိမိတို့ဆီသို့ လက်ခံရရှိတတ်သည့် အဖြစ်များကို ကြိုတွေးထားကြဖို့ အထူးလိုအပ်ပါသည်။

ကျွန်တော်တို့တစ်တွေသည် မိမိကိုယ်ကိုယ် ဧည့်သည်ဟူသော ခံစားချက်မျိုးကို အမြဲမွေးမြူထားဖို့ လိုပါသည်။ လက်ဆတ်သောရနံ့များကို ရှူသွင်းနေရသည့်တိုင်အောင်ပင် အဝေးရောက်ဧည့်သည်များအဖြစ်ဖြင့် ကိုယ့်ကိုယ်ကိုယ် သတိချက်မိဖို့ လိုအပ်ပါသည်။ အရိပ်ထဲတွင် စိမ့်ခနဲအေးနေရသည့်ဘဝများဟု ခံစားမိကြသော်လည်းပဲ အပူထဲကဘဝများပင်ဖြစ်ပါသည်။ အပူလမ်းမပေါ်က ဘဝများပင်ဖြစ်ပါသည်။ အဝေးကလှမ်းခေါ် လို့ရနေသည့် ဘဝများပင်ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ၏ဘဝများသည် ယုံကြည်မှုများကို ဧည့်သည်တော်အဖြစ် မည်သည့်အချိန်မျှ မသုံးမိကြဖို့ရန် လိုအပ်ပါသည်။ ယုံကြည်မှုများကို အတုယောင် တည်ဆောက်ပြရုံမျှဖြင့် နောက်ကျောလုံသော ငြိမ်းချမ်းမှုများကိုလည်း မရရှိနိုင်သည်ကို သတိချပ်ဖို့ လိုအပ်ပါသည်။ အဝေးရောက်ခြေလှမ်းများဖြင့် ပြန်လည်ခေါ်ယူခြင်းခံရမည့်ဘဝများတွင် အတုယောင်လောကကြီးထဲက ယုံကြည်မှု၏ ဧည့်သည်တော်များသည်သာ ရှေ့ဆုံးကပါဝင်ကြပေမည်။ ဧည့်သည်တွေဖြစ်ကြသော ဘဝများစွာအတွက် ကျွန်တော်ခံစားရေးဖွဲ့ခဲ့ဖူးသည့် ကဗျာအပိုင်းအစလေးတစ်ခုဖြင့် နိဂုံးချုပ်လိုက်ပါသည်။

***ရှန်းထွက်ခဲ့ကြ**
**ဆုံးဖြတ်ရခက်တဲ့နေ့တွေ**
**ဘယ်လောကစံမှ**
**အပျော်မကြုံကြဘူး**
**ကျွန်တော်တို့က**
**ခေါ်သံမဲ့ ဧည့်သည်တွေ...**
***နှုတ်မဆက်ပါနဲ့**
**လူ့လောကဆိုတာ**
**လွယ်လွယ်နဲ့ ရောက်မလာသလို**
**လွယ်လွယ်နဲ့ ထွက်သွားလို့မှမရတာ...**
***အဝေးကခေါ်သံ**
**အချိန်တန် အိမ်ပြန်ကြရမှာပဲ**
**အိတ်ကပ်ထဲက ဖိတ်စာ**
**လိပ်စာရေးမထားတာ ခက်တယ်...။ ။**

❍ နိုင်မြင့်ဝေ

# စွန်ငှက်အပါအဝင် ကာကွယ်ထားသော ကျေးငှက်တိရစ္ဆာန်များ ရောင်းချသူသုံးဦးကို ဇီဝမျိုးကွဲကာကွယ်ရေးဥပဒေဖြင့် အမှုဖွင့်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တွင် စွန်ငှက်အပါအဝင် ကာကွယ်ထားသော ကျေးငှက်တိရစ္ဆာန်များ ရောင်းချနေသူ သုံးဦးကို အမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

ဇီဝမျိုးစုံကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၁ (က) ဖြင့် အရေးယူမည့် အမျိုးသားသုံးဦးမှာ ထောက်ကြန့်မြို့ လှော်ကား-အင်းစိန် ကားလမ်းဘေးတွင် ကျေးငှက် တိရစ္ဆာန်များကို ရောင်းချနေကြောင်း သတင်းရရှိသဖြင့် အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနက သွားရောက်စစ်ဆေးခဲ့သည်။

ယင်းသို့စစ်ဆေးရာမှ စွန်တစ်ကောင်၊ သာလိကာ ခြောက်ကောင်၊ ကြက်တူရွေး ၃၂ ကောင်ကိုရောင်းချနေသည့်အမျိုးသား သုံးဦးကို တွေ့ရှိခဲ့ခြင်းလည်းဖြစ်သည်။

အဆိုပါ ကျေးငှက်တိရစ္ဆာန်များမှာ မြန်မာနိုင်ငံတွင် မျိုးဆက်ပျက်သုဉ်းတော့မည့်အန္တရာယ်ရှိနေပြီး ကာကွယ်ထိန်းသိမ်းထားရမည့် တိရစ္ဆာန်များဖြစ်ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

ဇီဝမျိုးစုံကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄၁ (က) အရ ပြစ်မှုကျူးလွန်သူမှာ ထောင်ဒဏ် သုံးနှစ်မှ အမြင့်ဆုံးပြစ်ဒဏ် ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်ခံရပြီး ငွေဒဏ်လည်း ချမှတ်ခံရနိုင်သည်။

ယင်းပုဒ်မမှာ ကာကွယ်ထိန်းသိမ်းထားသည့် တိရစ္ဆာန် (သို့မဟုတ်) နိုင်ငံတကာ ကုန်သွယ်မှုတွင် ထိန်းချုပ်ထားသော တိရစ္ဆာန်များကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားရှိ စုဆောင်းခြင်း၊ ရောင်းချခြင်းတို့အား ကျူးလွန်ပါက အရေးယူခံမည့် ပုဒ်မဖြစ်သည်။

❍ S-03



# ဇေကမ္ဘာဝင်း မီးလောင်မှု သွားရောက်မီးငြိမ်းသတ်သူ တပ်ကြပ်ကြီးတစ်ဦး ယာဉ်မတော်တဆမှုကြောင့် သေဆုံး

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာဝင်းရှိ မြက်ခြောက်များ မီးလောင်မှုကို သွားရောက် မီးငြိမ်းသတ်သည့် မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီးတစ်ဦးမှာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည်။

မီးလောင်မှုကို မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့မှ (၃၈)နှစ်အရွယ် မီးသတ်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီး ရဲထွန်းဦးက ဇန်နဝါရီလ ၁၈ ရက်က မီးငြိမ်းသတ်နိုင်ရန် ဆိုင်ကယ်ဖြင့် သွားရောက်ခဲ့သည်။

ဇေကမ္ဘာဝင်းရှိ မြက်ခြောက်များ မီးလောင်မှုကို ဝိုင်းဝန်းကူညီငြိမ်းသတ်ရန် သွားရောက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ တပ်ကြပ်ကြီးမှာ လမ်းခုလတ်တွင် ဆိုင်ကယ်မှာ တိမ်းမှောက်ပြီး ကုန်တင်ယာဉ်တစ်စီးအောက်သို့ ရောက်ရှိရာမှ ယာဉ်ဘီးဖြင့် ဦးခေါင်းကို ကြိတ်မိကာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

"အခင်းဖြစ်နေရာက လမ်းမကောင်းဘူး။ မီးလောင်မှုဖြစ်တော့ ဆိုင်ကယ် အမြန်မောင်းရာကနေ မှောက်ခဲ့တာ" ဟု မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်အရန် မီးသတ်တပ်ဖွဲ့မှ ကိုထင်လင်းအောင်က ပြောကြားသည်။

သေဆုံးသူ ရုပ်အလောင်းကို မြောက်ဥက္ကလာပမြို့နယ်ဆေးရုံသို့ ပို့အပ်ပြီး ဇေကမ္ဘာဝင်းအတွင်း မြက်ခြောက်မီးလောင်မှုကို မီးသတ်တပ်ဖွဲ့က မီးငြိမ်းသတ်ယာဉ် လေးစီးဖြင့် ငြိမ်းသတ်ခဲ့သည်။

❍ S-03

# ထောက်ကြန့်တွင် KTV ဖွင့်လှစ်မှုဖြင့် ၄၅ ဦးကို အရေးယူ

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့တွင် COVID-19 ရောဂါကာလ ဖြစ်ပွားနေချိန် KTV ဆိုင်ဖွင့်လှစ်မှုဖြင့် ၄၅ ဦးကို အမှုဖွင့် အရေးယူထားသည်။

အရေးယူခံရသည့် ထောက်ကြန့်မြို့ ဇေရာဇ်ရပ်ကွက်၊ သဲကုန်းလမ်းရှိ 'တော်ဝင်နန်း' KTV ဆိုင်မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ ဆိုင်ဖွင့်လှစ်နေကြောင်း သတင်းရရှိသဖြင့် ဇန်နဝါရီ ၁၈ ရက်က ဝင်ရောက်စစ်ဆေးခဲ့သည်။

ယင်းသို့ စစ်ဆေးရာ ဆိုင်ဝန်ထမ်းလေးဦး၊ သီချင်းလာရောက်သီဆိုသူ ၄၁ ဦးတို့ကို တွေ့ရှိသဖြင့် ၎င်းတို့အား ထောက်ကြန့်နယ်မြေရဲစခန်းက (ပ) ၁၃ / ၂၀၂၀၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၀(က)ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

❍ S-03

သတင်းကိစ္စ ဆက်သွယ်လိုပါက ...

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# “ဒီ Rating စနစ် အောင်မြင်သွားရင် နောက်ထပ် Step တစ်ခုကို နင်းနိုင်မယ်လို့ မျှော်လင့်ထားပါတယ်”

## ထွန်းထွန်း နဲ့ တွေ့ဆုံခြင်း

နွယ်နီ

**ထွန်းထွန်းနဲ့တွေ့ဆုံ၍ ရုပ်ရှင်အစည်းအရုံးမှာ ရာပြည့်မင်္ဂလာဇင်းအတွက် ဓာတ်ပုံရိုက်ကူးဖြစ်တဲ့အကြောင်းနဲ့ Rating စနစ်အပေါ်အမြင်တွေကို တွေ့ဆုံမေးမြန်းထားတာပဲ ဖြစ်ပါတယ်။**



**Voice : ဒီနေ့အစည်းအရုံးကို လာဖြစ်တဲ့အကြောင်းလေး ပြောပြပေးပါဦး။**

**TT :** ဒီနေ့ ရာပြည့်မဂ္ဂဇင်းအတွက် အနုပညာရှင်တွေပေါင်းပြီး ရိုက်ကြတယ်။ အရှေ့တစ်သုတ်မှာ တခြားသူရိုက်ပြီးသွားပြီ။ ဒီတစ်ဖြတ်မှာ ကျွန်တော်ပါတယ်။ အနုပညာရှင်ညီအစ်ကိုမောင်နှမတွေနဲ့ ဓာတ်ပုံလေးတွေ လာရိုက်ဖြစ်တာ ဖြစ်ပါတယ်။

**Voice : ဘယ်လိုပုံစံတွေနဲ့ ရိုက်ဖြစ်ခဲ့လဲ။**

**TT :** မြန်မာဝတ်စုံရယ်၊ ခေတ်ပေါ်ဝတ်စုံနှစ်စုံပေါ့။ ပြီးတော့မှ တခြားမင်းသား၊ မင်းသမီးတွေနဲ့ အတွဲလိုက်ရိုက်ကြမယ်ပေါ့။ ဂရုလေးတွေလည်းရိုက်ကြမယ်လို့ သိထားပါတယ်။ ကိုဗစ်မဖြစ်ရင် ရာပြည့်ပွဲကို ခမ်းခမ်းနားနား ကျင်းပမယ်လို့ သိထားပါတယ်။ ကိုဗစ်ဖြစ်နေတဲ့အတွက် ပြသချင်တာတွေ ပြသခွင့်မရ၊ လုပ်ချင်တာတွေလုပ်ခွင့်မရတဲ့အတွက် ကိုဗစ်ပြီးသွားရင်တော့ ပွဲအကြီးကြီးတစ်ခု လာမယ်လို့ မျှော်လင့်ထားပါတယ်။

**Voice : Rating စနစ်အပေါ် အမြင်လေးလည်း ပြောပြပေးပါဦး။**

**TT :** Rating စနစ်နဲ့ပတ်သက်ပြီးတော့ အများကြီးတော့မပြောလိုပါဘူး။ အဓိကကတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ရုပ်ရှင်ပြသရေးစနစ်ပေါ့ အဲဒီကိုရောက်မယ်။ ရုံတွေမှာ ၁၅ နှစ်အောက် သတ်မှတ်ထားတဲ့ကားတွေ ၁၃ နှစ်အောက် သတ်မှတ်ထားတဲ့ကားတွေ တကယ်လည်း အဲဒီကလေးတွေဝင်မလာအောင်တားဆီးဖို့လိုတာပေါ့။ ဒီ Rating စနစ် အောင်မြင်သွားရင် နောက်ထပ် Step တစ်ခုကို နင်းနိုင်မယ်လို့ မျှော်လင့်ထားပါတယ်။

**Voice : Rating စနစ်အပေါ် ဘယ်လောက်မျှော်လင့်ထားလဲ။**

**TT :** အကောင်းဆုံးဖန်တီးထားတဲ့ ရုပ်ရှင်ကားတစ်ကားကို ရုပ်ရှင်ကားတစ်ကားအနေနဲ့ပဲ ခံစားပြီးတော့ ကြည့်ရှုခြင်းဖြင့် ပံ့ပိုးပေးကြမယ်ဆိုရင် ပိုပြီးတော့ကောင်းသွားမယ်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ အားလုံးကောင်းဖို့လုပ်နေကြတာဆိုတော့ အားလုံးကောင်းတာတွေ ဖြစ်လာမယ်လို့လည်း မျှော်လင့်ထားပါတယ်။

**Voice : ပရိသတ်တွေကိုရော ဘာပြောချင်တာရှိလဲ။**

**TT :** ပရိသတ်တွေအားလုံး၊ မိတ်ဆွေတို့အားလုံး ဘယ်သွားသွား၊ ဘာလုပ်လုပ်တကယ် Mask ကတော့ တပ်ပါ။ လက်လည်းဆေးပါ။ အများကြီးတော့ မှာစရာမရှိပါဘူး။ အားလုံးပဲ ကျန်းမာရွှင်လန်းပါစေ။

❍

နွယ်နီ



## ကိုလူချောအဖွဲ့ကို အနွေးထည်တွေ လှူဒါန်းခဲ့တဲ့ ထက်ယံ

ရန်ကုန်၊ ဇန်နဝါရီ ၁၉

အဆိုတော် ထက်ယံက သရုပ်ဆောင်လူကြမ်း ကိုလူချောအဖွဲ့အတွက် အနွေးထည်တွေ လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

“ယနေ့မနက် ၁၀ နာရီက ကျောင်းရှိသံဃာတော် ၁၃၀ ပါး နေ့ဆွမ်းကပ်မယ်။ ပြီးတော့ သရုပ်ဆောင်လူကြမ်းကိုလူချောအဖွဲ့ ၁၀၀ ဦးကို ဆောင်းရာသီ အနွေးထည်တွေ လှူဒါန်းခဲ့ပါတယ်”လို့ သူက ဆိုပါတယ်။

❍

နွယ်နီ

## မွေးနေ့အလှူပြုလုပ်ခဲ့တဲ့ သင်ဇာမြင့်မိုရ်

ရန်ကုန်၊ ဇန်နဝါရီ ၁၉



သရုပ်ဆောင် သင်ဇာမြင့်မိုရ်က ဇန်နဝါရီလ ၁၈ ရက်နေ့မှာ ကျရောက်တဲ့ သူမရဲ့ မွေးနေ့မှာ အလှူအတန်းတွေ ပြုလုပ်ပြီး ဖြတ်သန်းခဲ့တယ်လို့ သိရပါတယ်။

ရန်ကုန်၊ သာကေတမြို့နယ်၊ တံခွန်တိုင်တောရကျောင်း မှာရှိတဲ့ သံဃာတော်တွေကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့တဲ့အပြင် ရွှေဂုံတိုင်၊ ကလေးပြုစုရေးဌာနမှာရှိတဲ့ ကလေးငယ်တွေအတွက်လည်း ထမင်း ၃ နပ်စာနဲ့ အလှူငွေတွေကို ကိုယ်တိုင်သွားရောက်လှူဒါန်းခဲ့တယ်လို့ သိရပါတယ်။

❍

နွယ်နီ




# မက်ဆီကဲ့သို့ ထိပ်တန်းကစားသမားကို စိတ်ဝင်စားသည်ဟု ပီအက်စ်ဂျီအသင်းအမှုဆောင် လီယိုနာဒို ဖွင့်ဟ

**ပဲရစ်၊ ဇန်နဝါရီ ၁၉**

ပီအက်စ်ဂျီအမှုဆောင်ချုပ်လီယိုနာဒိုက မက်ဆီကဲ့သို့ထိပ်တန်းကစားသမားကို စိတ်ဝင်စားမှုရှိသည်ဟု ဖွင့်ဟလိုက်ကြောင်း Francr Football က ဖော်ပြခဲ့သည်။

လာမည့် နွေရာသီတွင် ဘာစီလိုနာနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် မက်ဆီကိုခေါ်ယူရန်အတွက် ပီအက်စ်ဂျီအပါအဝင် မန်စီးတီးနှင့် အင်တာမီလန်တို့က ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

အသက် ၃၃ နှစ်အရွယ် မက်ဆီနှင့်ပတ်သတ်၍ လီယိုနာဒိုက “သူ့လို ထိပ်တန်းကစားသမားမျိုးက ပီအက်စ်ဂျီအသင်းစာရင်းထဲမှာ ရှိနေပါတယ်။ အခုလိုအချိန်က ဆွေးနွေးပြီး အိပ်မက်မက်ရမယ့်အချိန်မဟုတ်ပါဘူး။ ကျွန်တော်တို့ ဒီကိစ္စအတွက် စားပွဲပေါ်မှာ နေရာချထားပြီးသားပါ။ တကယ်တော့ ထိုင်ခုံမဟုတ်ပေမယ့်သီးသန့်ထားရှိတဲ့နေရာလေးတစ်ခုပါ။ ၄ လဆိုတဲ့ အချိန်က အကြာကြီးကျန်ပါသေးတယ်” ဟု ဖွင့်ဟခဲ့သည်။

ပီအက်စ်ဂျီအသင်းအနေနှင့် တိုက်စစ်ပိုင်းတွင် နေမာ၊ အမ်ဘာပီတို့နှင့်အတူ မက်ဆီကို အားဖြည့်ခြင်းဖြင့် ချန်ပီယံလိဂ်ဆုဖလား ရယူနိုင်လိမ့်မည်ဟုယုံကြည်နေခြင်းဖြစ်သည်။

ဆက်လက်ပြီး လီယိုနာဒိုက “ပီအက်စ်ဂျီဟာ ထိပ်တန်းအဆင့် ရည်မှန်းချက်ရှိတဲ့ကစားသမားတွေအတွက် နေရာကောင်းဆိုတာ သိလာကြပါပြီ။ သူတို့ရဲ့ မျှော်လင့်ချက်နဲ့ ကျွန်တော်တို့လိုအင်ဆန္ဒတွေကြားမှာ သဘောတူညီချက် ရယူနိုင်ဖို့သာ လိုပါတယ်။ ဝန်ပိုတွေကို မလိုချင်ပါဘူး။ အမှန်တကယ် နေချင်သူတွေကိုသာ လိုအပ်ပါတယ်။ ပုံမှန်အတိုင်း ဆက်သွယ်နေမှာပါ” ဟုဆိုခဲ့သည်။ ❍ **ငြိမ်းပြည့်**

# ရီးရဲလ်သို့ ၄ နှစ်စာချုပ်ဖြင့် ပြောင်းရွှေ့ရန် ဒေးဗစ်အလာဘာ သဘောတူညီမှုရယူထား

**မက်ဒရစ်၊ ဇန်နဝါရီ ၁၉**

လာမည့်နွေရာသီတွင် ဘိုင်ယန်မြူးနစ်နှင့်စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် နောက်ခံလူ ဒေးဗစ်အလာဘာသည် ရီးရဲလ်သို့ပြောင်းရွှေ့ရန် အကြိုသဘောတူညီမှု ရယူနိုင်ခဲ့ပြီဖြစ်ကြောင်း Marca က ဖော်ပြခဲ့သည်။

ဩစတြီးယားနောက်ခံလူသည် ဘိုင်ယန်မြူးနစ်တွင် ၁၃နှစ်ကြာကစားခဲ့ပြီး အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါ ချန်ပီယံဆု ၉ ကြိမ်အထိ ဆွတ်ခူးထားနိုင်သူဖြစ်သည်။

၎င်းကို ဘိုင်ယန်မြူးနစ်က တစ်ပတ်လုပ် ပေါင် ၂၀၀,၀၀၀ ဖြင့်စာချုပ်သစ်ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခဲ့ပြီးနောက် ဥရောပထိပ်သီးများဖြစ်သည့် ချဲလ်ဆီး၊ မန်ယူ၊ ပီအက်စ်ဂျီတို့က အပြိုင်ချိတ်ဆက်ခဲ့ကြသော်လည်း အနာဂတ်အတွက် ရီးရဲလ်ကိုသာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

စပိန်ကလပ်ဘက်မှ အလာဘာကို ၄ နှစ်စာချုပ်ချုပ်ဆိုရန် ရှိနေပြီး အသက် ၂၈ နှစ်အရွယ် ကစားသမားကိုလာမည့်ရာသီတွင် ဘာနေဗျူး၌ မြင်တွေ့ရတော့မည်ဖြစ်သည်။

ကစားသမားဘက်မှ ရီးရဲလ်နှင့် ဆေးစစ်မှုများခံယူခဲ့ပြီးဖြစ်သလို တစ်နှစ်လုပ်ခ ပေါင် ၁၁ သန်းဖြင့်သဘောတူညီမှုရယူခဲ့ခြင်းဖြစ်သည်ဟု Marca သတင်းစာက ဖော်ပြခဲ့သည်။

လက်ရှိတွင် ရီးရဲလ်အသင်းသည် နောက်ခံလူတစ်ဦးဖြစ်သည့် ရာမို့စ်ကို လက်လွှတ်ရန် နီးစပ်သည့်အခြေအနေသို့ရောက်ရှိလာခဲ့ပြီးနောက် ယင်းကွက်လပ်ကိုဖြည့်ဆည်းရန်အတွက် ကြိုတင်စီစဉ်နိုင်ခဲ့ပြီဖြစ်သည်။ ❍ **ငြိမ်းပြည့်**



# ၁၀ ကိုက်အကွာမှ အခွင့်အရေးကို အသုံးမချနိုင်ခဲ့ခြင်းအတွက် အသင်းဖော်များကို ပေါ့ဘာ တောင်းပန်




**မန်ချက်စတာ၊ ဇန်နဝါရီ ၁၉**

လီဗာပူးနှင့်ပွဲစဉ်တွင် ၁၀ ကိုက်အကွာမှရရှိသည့်အခွင့်အရေးကို အသုံးမချနိုင်ခဲ့ခြင်းအတွက် မန်ယူအသင်းသားများအားလုံးကို အဝတ်လဲခန်းအတွင်း ပေါ့ဘာ တောင်းပန်စကားဆိုခဲ့ကြောင်း Dailymail က ဖော်ပြခဲ့သည်။

အသက် ၂၇ နှစ်အရွယ် ပေါ့ဘာသည် ယင်းပွဲစဉ်တွင် ညာနောက်ခံလူ ဘစ်ဆာကာ၏ဖြတ်တင်ဘောမှတစ်ဆင့် သေချာပေါက် အခွင့်အရေးရခဲ့သော်လည်း ပြိုင်ဘက်ဂိုးသမား အလစ်ဆန်ကိုကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိပေ။ လီဗာပူးကို အနိုင်ရခဲ့ပါက မန်ယူအနေနှင့် မန်စီးတီးကို ၄ မှတ်အထိ ဖြတ်နိုင်မည့်အခွင့်အရေးကို ရရှိမည်ဖြစ်ပြီး လက်ရှိချန်ပီယံကို မှတ်အထိ ဖြတ်ထားနိုင်မည်ဖြစ်သည်။

ပေါ့ဘာသည် ယင်းအခွင့်အရေးကို လက်လွှတ်ခဲ့ရပြီးနောက် စိတ်သောကရောက်ခဲ့ပြီး အဝတ်လဲခန်းထဲရောက်သည်အထိ ဒေါသထွက်လျက်ရှိကြောင်း သိရသည်။

နည်းပြဆိုးလ်ရှားအပါအဝင် အသင်းဖော်များဖြစ်သည့် မက်ဂူရီနှင့် တွမ်မီနေးတို့က ပေါ့ဘာကိုစာနာကြောင်း နှစ်သိမ့်ပေးခဲ့သည်။

မန်ယူသည် လက်ရှိတွင် ပရီးမီးယားလိဂ် ၁၂ပွဲဆက် ရှုံးပွဲမရှိဖြတ်သန်းထားပြီး လာမည့်ကြားရက် လိဂ်ပွဲစဉ်တွင် ဖူလ်ဟမ်နှင့် ရင်ဆိုင်ရမည်ဖြစ်ပြီး ယင်းပွဲစဉ်ပြီးပါက အိုးလ်ထရက်ဖို့ဒ်တွင် အက်ဖ်အေဖလားအဖြစ် လီဗာပူးနှင့်တစ်ကျော့ပြန်ရင်ဆိုင်ရမည်ဖြစ်သည်။ ❍ **ငြိမ်းပြည့်**

# မြန်မာ့လက်ရွေးစင်အသင်းအတွက် လက်ထောက်နည်းပြ ဟာလက်ကို တစ်နှစ်စာချုပ် ချုပ်ဆိုမည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းအတွက် လက်ထောက်နည်းပြအဖြစ် ယခင်နည်းပြဟောင်း ခါမေးလ်ဟာလက်ကို တစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ရန် စီစဉ်ထားကြောင်း ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဂျာမနီနိုင်ငံသား ခါမေးလ်ဟာလက်သည် မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ် အန်တွမ်နီဟေး ပထမအကြိမ်ကိုင်တွယ်စဉ်က လက်ထောက်နည်းပြအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

"လက်ရွေးစင်အသင်းရဲ့ လက်ထောက်နည်းပြအဖြစ် အရင်နည်းပြဟောင်း ခါမေးလ်ကို ပြန်ခန့်ပါမယ်။ နည်းပြအန်တွမ်နီဟေးလ်က ပြန်ခန့်ဖို့အတွက် တိုက်တွန်းထားလို့ ကျွန်တော်တို့အနေနဲ့လည်း နည်းစနစ်ဒါရိုက်အဖွဲ့နဲ့ ညှိနှိုင်းပြီး တစ်နှစ်စာချုပ် ချုပ်ဖို့ စီစဉ်ထားပါတယ်။ ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်အောင် လုပ်ဆောင်သွားပါမယ်။ လက်ရွေးစင်အသင်းအတွက် နည်းပြအဖွဲ့ကိုလည်း အတည်ပြု ပြန်လည်ဖွဲ့စည်းသွားဖို့ ရှိပါတယ်"ဟု တာဝန်ရှိသူက ပြောသည်။

လက်ရှိတွင် ခါမေးလ်ဟာလက်သည် အန်တွမ်နီဟေးနှင့်အတူ ဂျာမနီမှ မြန်မာနိုင်ငံသို့ ရောက်ရှိနေပြီး နိုဗိုတယ်ဟိုတယ်တွင် Hotel Quarantine နေထိုင်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လာမည့် မတ်လနှင့် ဇွန်လအတွင်း ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲစဉ်များကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါခြေစစ်ပွဲများ ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလအတွင်း စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ရန် သက်ဆိုင်ရာဝန်ကြီးဌာနထံ တင်ပြထားကြောင်း အဖွဲ့ချုပ် တာဝန်ရှိသူက ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစစ်ပွဲအုပ်စု (စ) တွင် ဂျပန်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယားအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲသုံးပွဲ ကစားရန် ကျန်ရှိနေသည်။

မြန်မာအသင်းသည် ဂျပန်အသင်းနှင့် အဝေးကွင်းပွဲစဉ်ကို မတ်လ ၂၅ ရက်၊ ကာဂျစ္စတန်နှင့် အိမ်ကွင်းပွဲစဉ်ကို မတ်လ ၃၀ ရက်၊ တာဂျစ်ကစ္စတန်နှင့် အဝေးကွင်းပွဲစဉ်ကို ဇွန်လ ၁၅ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုငါးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ သုံးပွဲရှုံး ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုတွင်း အဆင့် (၄) နေရာ၌ ရပ်တည်နေသည်။

❍ ကောင်းခန့်



# မိမိ၏အနာဂတ် အသင်းလက်ထဲတွင်သာရှိခြင်းကြောင့် အတိအကျမသိနိုင်ဟု ဆာလက်ပြောကြား

**လီဗာပူး၊ ဇန်နဝါရီ ၁၉**

ရီးရဲလ်၊ ဘာစီလိုနာတို့နှင့်အပြောင်းအရွှေ့ကို မငြင်းဆန်ခဲ့သည့် ဆာလက်က လီဗာပူးတွင် ဆက်ကစားရန် ဆန္ဒရှိကြောင်း ထပ်မံဖွင့်ဟခဲ့သော်လည်း ၎င်း၏အနာဂတ်သည် အသင်းလက်ထဲတွင်သာ ရှိသည်ဟု ပြောဆိုခဲ့ကြောင်း Dailymail က ဖော်ပြခဲ့သည်။

အစောပိုင်းတွင် ဆာလက်စပိန်သို့ ပြောင်းရွှေ့နိုင်သည်ဟု သတင်းများကျယ်ပြန့်စွာထွက်ပေါ်ခဲ့ပြီးနောက် ၎င်းက-

"ကျွန်တော်မသိပါဘူး။ တကယ်လို့ ခင်ဗျားတို့ဘက်က မေးရင် ဒီအသင်းမှာ နေနိုင်သမျှကာလပတ်လုံး ဆက်နေချင်တယ်လို့ ပြောမှာဖြစ်ပေမယ့် ကျွန်တော် အရင်ကပြောခဲ့သလို ကလပ်ရဲ့လက်ထဲမှာသာ ရှိနေပါတယ်။ အသင်းမှာရှိနေတဲ့ နောက်ဆုံးမိနစ်အထိ ရာနှုန်းပြည့်ပေးဆပ်သွားမှာဖြစ်သလို ရနိုင်သမျှဆုဖလားတွေအတွက် လုပ်ဆောင်သွားမှာပါ။ ကျွန်တော့်ကို အချိန်တိုင်းချစ်မြတ်နိုးသူတွေအတွက် ရာနှုန်းပြည့် ပေးဆပ်ချင်တဲ့ဆန္ဒရှိပါတယ်"ဟု ဆိုခဲ့သည်။

လီဗာပူးနည်းပြကလော့ပ်သည် ဆာလက်နှင့်ပတ်သတ်မှုများကို မေးမြန်းချိန်တိုင်း၌ စိုးရိမ်ပူပန်ခြင်းမရှိဟု အမြဲတမ်း ပြောဆိုခဲ့သည်။

ဆာလက်ကိုယ်တိုင်က လီဗာပူးနှင့်အတူစံချိန်မှတ်တမ်းများအားလုံးကို ချိုးဖျက်ရန်အတွက် ဆန္ဒရှိကြောင်း ဖွင့်ဟထားသလို နည်းပြကလော့ပ်ကလည်း အီဂျစ်တိုက်စစ်မှူး လီဗာပူးကို စွန့်ခွာနိုင်သည့် တစ်ခုတည်းသောအကြောင်းပြချက်မှာ ရာသီဥတုကြောင့်သာဖြစ်လိမ့်မည်ဟု ဆိုထားသည်။

❍ ငြိမ်းပြည့်

# အာဆင်နယ်တွင် ခြေစွမ်းပြနိုင်ရန်အတွက် လာကာဇက်တီက များစွာကူညီပေးခဲ့သည်ဟု စမစ်ရိုဝီ ဖွင့်ဟ

**လန်ဒန်၊ ဇန်နဝါရီ ၁၉**

လိုက်ပ်ဇစ်နှင့် ဟက်ဒါဖီးလ်သို့ အငှားသွားရောက်ကစားခဲ့ခြင်းက မိမိကို တိုးတက်စေခဲ့သလို အာဆင်နယ်စီနီယာအသင်းတွင် ခြေစွမ်းပြနိုင်ရန်အတွက် တိုက်စစ်မှူး လာကာဇက်တီက များစွာကူညီပေးခဲ့သည်ဟု လူငယ်ကစားသမား စမစ်ရိုဝီကဖွင့်ဟလိုက်ကြောင်း Dailymail ကဖော်ပြခဲ့သည်။

စမစ်ရိုဝီသည် နယူးကာဆယ်နှင့်ပွဲစဉ်တွင် ဂိုးဖန်တီးမှုကိုပြုလုပ်နိုင်ခဲ့ပြီး ဗြိတိန်မီဒီယာများက ၎င်း၏ကစားဟန်ကို တောင်ပံကစားသမားဟောင်း ရောဘတ်ပီရက်စ်နှင့် ခိုင်းနှိုင်းမှုများရှိလာခဲ့သည်။

ယင်းကဲ့သို့ ခြေစွမ်းပြလာနိုင်ခြင်းအပေါ် အသက် ၂၀ အရွယ် စမစ်ရိုဝီက "ကစားသမားတစ်ယောက်ထဲကို မရွေးထုတ်ချင်ဘူးဆိုပေမယ့် လာကာဇက်တီနဲ့အတူ ကစားရတာ ဟာထိပ်တန်းအဆင့်ကို ရောက်စေပါတယ်။ ဒါဟာ ကျွန်တော့်ကိုအကူအညီများစွာ ဖြစ်စေခဲ့ပါတယ်။ ကွင်းတွင်ရော၊ ပြင်ပမှာ ပါယုံကြည်မှုပေးစွမ်းခဲ့ပါတယ်။ ကျွန်တော်တို့ အတူချိတ်ဆက် ကစားနေချိန်အတွင်းမှာ သူက ကျွန်တော့်ကို စကားတွေ အများကြီးပြောခဲ့ပါတယ်"ဟု ချီးကျူးခဲ့သည်။




ဆက်လက်၍ ၎င်းက "ပြင်ပနဲ့ ချန်ပီယံရှစ်မှာ သွားရောက်ကစားခဲ့တာက ကွင်းတွင်းရော ကွင်းပြင်ပမှာပါတိုးတက်မှုတွေရှိခဲ့တယ်လို့ ခံစားရပါတယ်။ ယုံကြည်မှုရှိတဲ့ လူတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ပါတယ်။ အာတီတာက တော့ လွတ်လွတ်လပ်လပ် ကစားဖို့ပြောခဲ့တဲ့အတွက် စိတ်ရှင်းရှင်းနဲ့ယုံကြည်မှုပိုရှိလာခဲ့ပါတယ်။ တကယ်လို့အမှားလုပ်မိရင်တောင် ဒါတွေကိုမေ့ပြီး ရှေ့ဆက်ခဲ့ပါတယ်။ အာတီတာက ယုံကြည်ပေးခဲ့ပြီး အခွင့်အရေးရတဲ့အတွက် ဝမ်းသာပါတယ်"ဟု ဖွင့်ဟခဲ့သည်။

❍ ငြိမ်းပြည့်

# တီမိုဝါနာ ခြေစွမ်းပြနိုင်ရန်အတွက် ကိုက်ညီသည့်နည်းစနစ်တွင် အသုံးပြုရန်လိုအပ်သည်ဟု ဟာဆန်ဟတ် သတိပေး

**လန်ဒန်၊ ဇန်နဝါရီ ၁၉**



တီမိုဝါနာသည် ဥရောပရှိအကောင်းဆုံးတိုက်စစ်မှူးတစ်ဦး ဖြစ်သော်လည်း ၎င်းနှင့်ကိုက်ညီသည့် နည်းစနစ်တွင်သာ ခြေစွမ်းပြနိုင်လိမ့်မည်ဟု ဆရာဟောင်း ဟာဆန်ဟတ် ကသတိပေးပြောဆိုခဲ့ကြောင်း Dailymail က ဖော်ပြခဲ့သည်။

ဂျာမနီတိုက်စစ်မှူးသည် ပရီးမီးယားလိဂ်တွင် ပွဲဆက်ရှည်ဂိုးပေါက်ပျောက်ဆုံးနေသလို ဖူလ်ဟမ်နှင့်ပွဲစဉ်တွင် အရန်ခုံမှ ထလာခဲ့ပြီးနောက် အပိုင်အခွင့်အရေးကို လွဲချော်ခဲ့သည်။

ထို့ကြောင့် ၎င်းနှင့်အတူ လိုက်ပ်ဇစ်အသင်းတွင် လက်တွဲခဲ့ဖူးသည့် လက်ရှိဆောက်သမ်တန်နည်းပြ ဟာဆန်ဟတ်က "ကျွန်တော် တီမိုဝါနာအကြောင်းကို ကောင်းကောင်း သိပါတယ်။ သူခြေစွမ်းကျဆင်းတဲ့အချိန်တွေကိုလည်း မြင်ဖူးပါတယ်။ ကျွန်တော်မြင်ခဲ့တဲ့အချိန်တွေအားလုံးမှာတော့ သူဟာ ပွဲစဉ်နဲ့မကိုက်ညီတာကြောင့်လို့ပဲ ဖြေရှင်းချက်ပေးရမှာပါ။ ကွင်းထဲမှာ သူအကောင်းဆုံးခြေစွမ်းပြနိုင်ဖို့အတွက် အသင်းကကိုက်ညီတဲ့နည်းလမ်းနဲ့ မကစားနိုင်တာကြောင့်လို့ပဲထင်ပါတယ်။ ခင်ဗျားတို့ဘက်က ဂိမ်းကို သူနဲ့လိုက်လျောညီထွေဖြစ်အောင် လုပ်ပေးရမယ့် ကစားသမားမျိုး ဖြစ်ပါတယ်။ တကယ်လို့လုပ်နိုင်ပြီဆိုရင်တော့ တိုက်စစ်မှူးတစ်ယောက်ဆီက လိုအပ်တဲ့အရာတွေအားလုံးကို ပေးနိုင်ပါလိမ့်မယ်။ သူ့မှာ တကယ့်ကို အာရုံစိုက်မှုထွက်လာမယ့် အရည်အသွေးတွေရှိပါတယ်။ သူ့အတွက်ကောင်းခဲ့တာက ကျွန်တော်လိုက်ပ်ဇစ်မှာရှိစဉ်တုန်းက ဒါကို အာရုံစိုက်ပေးခဲ့လို့ပါ။ ဂိမ်းကိုအမြန်ဆုံး အသွင်ကူးပြောင်းနိုင်တာက အကောင်းဆုံးဖြစ်ပါတယ်။ သူဟာ နာဂယ်စ်မန်းနဲ့ရှိခဲ့စဉ်တုန်းကလည်း ဂိုးတွေအများကြီး သွင်းနိုင်ခဲ့ပါတယ်။ သူ့ကို အကောင်းဆုံးအနေအထား ပို့ဆောင်ပေးနိုင်ဖို့လိုပါတယ်"ဟု သတိပေးခဲ့သည်။

❍ ငြိမ်းပြည့်

# မတ်လတွင်ကျင်းပမည့် ပြိုင်ပွဲများ၌ သက်ထားသူဇာ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဇန်နဝါရီ ၁၉**

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် မတ်လတွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် (BWF) က ကြီးမှူးကျင်းပမည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

သက်ထားသူဇာသည် တိုကျိုအိုလံပစ် ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသူဖြစ်ပြီး ယခုလအတွင်း ကျင်းပသည့် BWF ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ပြန်လည်နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

ကပ်ရောဂါမှာ ဆက်လက်ဖြစ်ပွားနေသောကြောင့် ပြိုင်ပွဲအချို့အား ရွှေ့ဆိုင်း။ ဖျက်သိမ်းခြင်းများ ပြုလုပ်နေသလို သက်ထားသူဇာသည် ထိုင်းနိုင်ငံ၌ကျင်းပသည့် ထိုင်းအိုးပင်း ကြက်တောင်ပြိုင်ပွဲနှစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရခဲ့သော်လည်း ယှဉ်ပြိုင်ခွင့်ရရှိကြောင်း နောက်ကျမှ သိရခြင်းနှင့် သွားလာရန်စီစဉ်ရာတွင် အခက်အခဲများရှိခဲ့သောကြောင့် ပြိုင်ပွဲနှစ်ခုစလုံးမှ ပြန်လည်နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

သက်ထားသူဇာသည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖေဖော်ဝါရီလကုန်အထိ ပြိုင်ပွဲများ ယှဉ်ပြိုင်မည်မဟုတ်ဘဲ မတ်လတွင် ဥရောပနိုင်ငံများ၌ကျင်းပမည့် BWF ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

သို့သော် ကပ်ရောဂါအခြေအနေနှင့် ခရီးသွားလာနိုင်သည့် အနေအထားများအပေါ်တွင် မူတည်မည်ဖြစ်ကြောင်း သိရသည်။

သက်ထားသူဇာသည် BWF က ကျင်းပနေသည့် Grade-2 ပြိုင်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းနေခြင်းလည်းဖြစ်သည်။

သက်ထားသူဇာသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီအထိ ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် မတ်လကတည်းက ပြိုင်ပွဲများ ယှဉ်ပြိုင်နိုင်ခြင်း မရှိတော့ဘဲ တစ်နှစ်နီးပါး ကြာမြင့်နေပြီဖြစ်သည်။



တိုကျိုအိုလံပစ်ပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရမည် ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရပြီး ၂၀၂၁ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ပြန်လည်ကျင်းပရန် စီစဉ်ထားသည်။

❍ **ကောင်းခန့်**




# ပြည်ပခရီးသွားများဝင်ရောက်မှုကန့်သတ်ထားခြင်းကို ဒေါ်နယ်ထရမ့်က ဖယ်ရှားပေးမည်ဟုဆိုသော်လည်း ဂျိုးဘိုင်ဒင်တို့အဖွဲ့က လက်မခံ

ဝါရှင်တန်၊ ဇန်နဝါရီ ၁၉

လာမည့် ဇန်နဝါရီလ ၂၆ ရက်နေ့ကစပြီး အမေရိကန်ပြည်ထောင်စုသို့ ပြည်ပခရီးသည်များဝင်ရောက်မှုကို ဖယ်ရှားပေးမည်ဟုဆိုထားသော ဒေါ်နယ်ထရမ့်၏ ကြေညာချက်ကို မကြာမီရက်ပိုင်းအတွင်း အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုရတော့မည့် ဂျိုးဘိုင်ဒင်၏အဖွဲ့က ပယ်ချလိုက်ကြောင်း AFP သတင်းဌာနက ရေးသားဖော်ပြသည်။



အမေရိကန်ပြည်တွင်းသို့ ဥရောပဒေသနှင့်ဘရာဇီးတို့မှ ခရီးသည်များ ဝင်ရောက်မှု ကန့်သတ်ပိတ်ပင်ထားခြင်းကို ယခုလ ၂၆ ရက်နေ့မှစ၍ ဖယ်ရှားပေးမည်ဖြစ်သည်ဟု သမ္မတဒေါ်နယ်ထရမ့်က မကြာသေးခင်က ကြေညာခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဂျိုးဘိုင်ဒင်၏ ပြောရေးဆိုခွင့်ရှိသူက မည်သို့မျှဖြစ်နိုင်ခြေမရှိသေးသောကြောင့် ပိတ်ပင်ကန့်သတ်မှုများကို ဆက်လက်ထားရှိသွားမည်သာဖြစ်ကြောင်း ပြောကြားသည်။

“ကျွန်တော်တို့ရဲ့ကျန်းမာရေးအဖွဲ့ကပေးတဲ့ အကြံပြုချက်အရ အမေရိကန်အစိုးရအနေနဲ့ အဲဒီကန့်သတ်ချက်တွေကို ဖယ်ရှားပေးဖို့ အစီအစဉ်မရှိပါဘူး”ဟု ဂျိုးဘိုင်ဒင်၏ သတင်းပြန်ကြားရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျန်ပါစကီက ပြောကြားသည်။

“တကယ်တမ်း ပြောရမယ်ဆိုရင် ကျွန်တော်တို့က နိုင်ငံတကာခရီးသွားလာမှုတွေနဲ့ပတ်သက်ပြီး ကျန်းမာရေးအစီအမံတွေ ပိုမိုအားကောင်းအောင်လုပ်ဖို့ စီစဉ်နေတာပါ။ COVID-19 ကူးစက်ပြန့်ပွားနေမှုကို ထိန်းချုပ်ဖို့ပါ”ဟု ၎င်းကဆိုသည်။

ကမ္ဘာတစ်ဝန်းတွင် ကူးစက်မှုပိုမိုလျင်မြန်သည့် ဗိုင်းရပ်စ်မျိုးစိပ်သစ်များ ပျံ့နှံ့လာခြင်းနှင့်အတူ ကပ်ရောဂါကြီး၏ အခြေအနေမှာလည်း ပိုမိုဆိုးရွားလျက်ရှိကြောင်း၊ ယင်းသို့သော အချိန်ကာလမျိုးတွင် နိုင်ငံတကာခရီးသွားလာမှုများနှင့်ပတ်သက်၍ ကန့်သတ်ချက်များကို ဖယ်ရှားပေးရန် မဖြစ်နိုင်ကြောင်း ၎င်းကဆိုသည်။

အမေရိကန်ပြည်ထောင်စုတွင် ပြီးခဲ့သည့်နှစ်ကုန်ပိုင်း၊ အထူးသဖြင့် နိုဝင်ဘာလမှစ၍ ဗိုင်းရပ်စ်ကူးစက်မှုများ သိသိသာသာမြင့်တက်လာရာ ယခုအခါ စံချိန်တင်မြင့်တက်သည့်အနေအထားသို့ရောက်ရှိနေသည်။

စာရင်းဇယားများအရ အမေရိကန်ပြည်ထောင်စုတွင် ဗိုင်းရပ်ကြောင့်သေဆုံးသူဦးရေ ၃၉၉,၀၀၀ ကျော်ရှိပြီး ကူးစက်ခံရသူ ၂၄ ဒသမ ၁ သန်းကျော်ရှိသည်။ ❍

F-01

# ကိုဗစ်ကာကွယ်ဆေးအရေးတွင် ကမ္ဘာကြီးသည် ဆိုးဆိုးရွားရွား ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် ကြုံတွေ့နေရကြောင်း WHO သတိပေး

ဂျနီဗာ၊ ဇန်နဝါရီ ၁၉

မမျှတသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးမူဝါဒများကြောင့် ကမ္ဘာကြီးသည် ဆိုးဆိုးရွားရွား ကိုယ်ကျင့်တရားပျက်ပြားမှုနှင့် ကြုံတွေ့နေရကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့(WHO) အကြီးအကဲက သတိပေးခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

ဆင်းရဲသော နိုင်ငံများရှိ ကျန်းမာရေးမကောင်းသူ သက်ကြီးရွယ်အိုများထက် ချမ်းသာသောနိုင်ငံများမှ ကျန်းမာရေးကောင်းသူ လူငယ်များ ကိုဗစ်ကာကွယ်ဆေး ဦးစွာထိုးနှံခံရခြင်းသည် လုံးဝမမျှတကြောင်း WHO အကြီးအကဲ Tedros Adhanom Ghebreyesus က ပြောခဲ့သည်။

ချမ်းသာသောနိုင်ငံ ၄၉ နိုင်ငံတွင် ကိုဗစ်ကာကွယ်ဆေး ၃၉ သန်း ဖြန့်ချိပေးထားချိန်တွင် ဆင်းရဲသောနိုင်ငံ တစ်နိုင်ငံလျှင် ကိုဗစ်ကာကွယ်ဆေး ၂၅ လုံးသာရသေးကြောင်း ၎င်းကသုံးသပ်သည်။

တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ကိုယ်တိုင်ထုတ်လုပ်နိုင်ခဲ့ပြီး အမေရိကန်နှင့် ဂျာမနီတို့ပူးပေါင်းကာ ကိုဗစ်ကာကွယ်ဆေးတစ်မျိုး ထုတ်လုပ်ထားသည်။



“ကျွန်တော် ဖြောင့်ပဲ ပြောပါမယ်၊ ကျွန်တော်တို့ ကမ္ဘာကြီးက အလွန်ကြီးမားတဲ့ ကိုယ်ကျင့်တရားပျက်ပြားမှု ချောက်ထဲကျဖို့ နဲနဲပဲ လိုပါတော့တယ်၊ ပြီးတော့ အဲလို ဖြစ်ခဲ့ရင်လည်း ပေးဆပ်ရမယ့်သူတွေက ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံတွေက အပြစ်မဲ့တဲ့ သူတွေပါ” ဟု ဇန်နဝါရီလ ၁၈ ရက်နေ့တွင်ကျင်းပခဲ့သော အစည်းအဝေးတစ်ခုတွင် Tedros ကပြောခဲ့သည်။

‘ငါအဦးဆုံး’ ဟူသော မူဝါဒ ကျင့်သုံးလျှင် ကိုဗစ်ကာကွယ်ဆေး ဈေးနှုန်းများ မြင့်တက်သွားနိုင်ခြင်းနှင့် ကာကွယ်ဆေး အမြောက်အများ သိုလှောင်ထားခြင်းများ ဖြစ်လာနိုင်ကြောင်းလည်း သုံးသပ်ခဲ့သည်။

နောက်လတွင် စတင်သွားမည့် ကမ္ဘာတစ်ဝန်း ကိုဗစ်ကာကွယ်ဆေး အညီအမျှ ဖြန့်ဝေပေးရေး အစီအစဉ် Covax ကိုလည်း အပြည့်အဝ ယုံကြည်မှုရှိကြောင်း Tedros ကပြောခဲ့သည်။

WHO ၏ အကူအညီနှင့် အပြည်ပြည်ဆိုင်ရာ ကာကွယ်ဆေး ထောက်ခံရေးအဖွဲ့တို့ ပူးပေါင်းကာ စီစဉ်ပြုလုပ်ထားသည့် Covax ကိုဗစ်ကာကွယ်ဆေး အညီအမျှ ဖြန့်ချိပေးရေး အစီအစဉ်တွင် နိုင်ငံပေါင်း ၁၈၀ ထက်မနည်း စာရင်းတင်သွင်းထားသည်ဟုလည်း သိရသည်။ ❍

F-05

# အမေရိကန်၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒ ပြောင်းလဲပေးရန်မက္ကဆီကို အစိုးရတောင်းဆို

**မက္ကဆီကိုစီးတီး၊ ဇန်နဝါရီ ၁၉**

ဟွန်ဒူးရပ်စ်နိုင်ငံမှ တရားမဝင် ရွှေ့ပြောင်းအခြေချရန် ကြိုးပမ်းသူ လူအုပ်ကြီး လမ်းခုလတ်တွင် ဂွာတီမာလာနိုင်ငံ၌ ရဲများ ပိတ်ဆို့ထားသောကြောင့် ပိတ်မိနေချိန် အမေရိကန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒ ပြောင်းလဲပေးရန် မက္ကဆီကိုသမ္မတ အန်ဒရေမန်နျူရယ်လိုပက်ဇ်အော်ဘရာဒေါ က တိုက်တွန်းခဲ့ကြောင်းဟု BBC သတင်းဌာနတွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ဂျိုးဘိုင်ဒင်သည် အဆိုပါ ရွှေ့ပြောင်းများအရေးကို မက္ကဆီကိုအပါအဝင် အခြား နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု မျှော်လင့်ကြောင်း မက္ကဆီကိုသမ္မတက ပြောကြားခဲ့သည်။

ဟွန်ဒူးရက်စ်နိုင်ငံမှ အများစုပါဝင်သော တရားမဝင် ရွှေ့ပြောင်းအခြေချရန်



ကြိုးပမ်းသူ ၇၀၀၀ နီးပါးသည် အမေရိကန်သို့ ဦးတည်ထွက်ခွာလာရာ၌ ယခုအခါ အိမ်နီးချင်းနိုင်ငံဖြစ်သော ဂွာတီမာလာတွင် ပိတ်မိနေကြသည်။

အဆိုပါ လူအုပ်ကြီးသည် မက္ကဆီကိုနိုင်ငံကိုသွားရောက်ကာ မက္ကဆီကိုမှတစ်ဆင့် အမေရိကန် နယ်စပ်ကို ရောက်အောင်သွားမည့်သူများဖြစ်သည်။

ဖိစီးနှိပ်စက်မှုများ၊ နိုင်ငံရေးမငြိမ်သက်မှု အကြမ်းဖက်ခြင်းများနှင့် ဆင်းရဲနွမ်းနယ်ခြင်းဒဏ်မှ လွတ်မြောက်နိုင်ရန် မိမိတို့နေအိမ်ကိုစွန့်ခွာခဲ့ခြင်းဖြစ်သည်ဟု တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများက ပြောခဲ့ကြသည်။

ယမန်နှစ် နိုဝင်ဘာလတွင် ဗဟိုအမေရိကနိုင်ငံများ၌ ဟာရီကိန်းအကြီးစားနှစ်ခု ဝင်ရောက် မွှေနှောက်ခဲ့ခြင်းများကြောင့်လည်း ယင်းနိုင်ငံများတွင် နေထိုင်သူများ၏ အခြေအနေပိုမို ဆိုးရွားခဲ့ရသည်။

"လူဝင်မှု မူဝါဒအချို့ကို ပြုပြင်ပေးရမယ့်အချိန်ကို ရောက်ရှိလာပြီလို့ထင်ပါတယ်၊ ဒါကိုပဲ ကျွန်တော်တို့မျှော်လင့်နေရတာပါ" ဟု သမ္မတ လိုပက်ဇ်က ပြောခဲ့သည်။

❍

F-05

# ကိုဗစ်-၁၉ ပျံ့နှံ့မှုကို ထိန်းချုပ်ရေးတွင် တရုတ်နှင့် WHO တို့ တုံ့ပြန်မှုနှေးကွေးလွန်းခဲ့ကြောင်း လွတ်လပ်သောပညာရှင်အဖွဲ့ သုံးသပ်

**ဂျနီဗာ၊ ဇန်နဝါရီ ၁၉**

ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးတွင် တရုတ်၏ ကနဦးကိုင်တွယ်မှု အားနည်းခဲ့မှုနှင့် WHO ၏ နှောင့်နှေးမှုများကို ကိုဗစ်-၁၉ ကပ်ရောဂါအကြောင်း ပြန်လည်သုံးသပ်သည့် လွတ်လပ်အမှီအခိုကင်းသော ပညာရှင်အဖွဲ့တစ်ဖွဲ့က ဝေဖန်ခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ဟူပေးပြည်နယ် ဝူဟန်မြို့တွင် ကူးစက်မှုများစတင်တွေ့ရှိသည့် ၂၀၂၀ ဇန်နဝါရီလကတည်းက ဒေသဆိုင်ရာနှင့် နိုင်ငံလုံးဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များသည် ပြည်သူ့ကျန်းမာရေး အစီအမံများကို အင်တိုက်အားတိုက်ဆောင်ရွက်သင့်ခဲ့သည်ဟု ဆွစ်ဇာလန်အခြေစိုက် ကပ်ရောဂါပြင်ဆင်မှုနှင့် တုံ့ပြန်မှုဆိုင်ရာ လွတ်လပ်သောအဖွဲ့ကြီးက သုံးသပ်သည်။

ဝူဟန်အာဏာပိုင်များအဆိုအရ အစောဆုံးကူးစက်မှုများသည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် မှ ၂၉ ရက်ကြားတွင် ဖြစ်ပွားခဲ့သည်ဟုဆိုသည်။ ယင်းကူးစက်မှုများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီအထိ သတင်းမပို့ခဲ့ပေ။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၃ ရက်နေ့ ဝူဟန်တွင် လော့ခ်ဒေါင်းချချိန်၌ ဗိုင်းရပ်စ်မှာ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် အမေရိကန်တို့သို့ ပျံ့နှံ့ခဲ့ပြီးဖြစ်သည်။

ကနဦးအဆင့်များတွင် တရုတ်အစိုးရသည် ကူးစက်မှု၏ ဆိုးရွားပြင်းထန်မှုအတိုင်းအတာကို လျှော့ပြောခဲ့ပြီး ထိရောက်သောကိုင်တွယ်မှုများကို အချိန်လွန်မှ လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်နှင့် ဩစတြေးလျအပါအဝင် နိုင်ငံအများအပြားက ဝေဖန်ထားသည်။

နယူးဇီလန်ဝန်ကြီးချုပ်ဟောင်း ဟယ်လင်ကလာ့ခ်နှင့် လိုက်ဘေးရီးယားသမ္မတဟောင်း အယ်လန်ဂျွန်ဆင်ဆာလိဖ်တို့ ပူးတွဲ ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် အဆိုပါအဖွဲ့က ထုတ်ပြန်သော ဒုတိယကြားဖြတ်အစီရင်ခံစာတွင် သတိပေးမှုများပြုလုပ်ရန် နှောင့်နှေးခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ကိုလည်း ဝေဖန်ခဲ့ပြီး WHO ကိုပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဟု သုံးသပ်ထားသည်။

၂၀၁၉ ဒီဇင်ဘာလ အကုန်တွင်



တရုတ်ဘက်က သတိပေးပြီဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၂ ရက်မတိုင်မီအထိ WHO က အရေးပေါ်ကော်မတီ စည်းဝေးခဲ့ခြင်းမရှိသလို အပြည်ပြည်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာရန် ဇန်နဝါရီလ ၃၀ ရက်နေ့အထိ စောင့်နေခဲ့ကြောင်းလည်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

ကျန်းမာရေးပညာရှင်များနှင့် မီဒီယာများက ကပ်ရောဂါဟု စတင်သုံးစွဲနေသည့်တိုင်၌ က ၂၀၂၀ ပြည့်နှစ်မတ်လ ၁၁ ရက်နေ့မတိုင်မီအထိ ကိုဗစ်-၁၉ ကို ကပ်ရောဂါအဖြစ် မကြေညာသေးဘဲ နှောင့်နှေးနေခဲ့သည်ဟုလည်း ထောက်ပြထားသည်။ ထိုအချိန်တွင် ကမ္ဘာတစ်ဝန်း ကူးစက်သူ တစ်သိန်းကျော်၊ သေဆုံးသူ ၄၀၀၀ ကျော်ရှိနေပြီဖြစ်သည်။

WHO က လုပ်မည်ဟု မျှော်လင့်သော အလုပ်ကို လုပ်နိုင်စွမ်းမရှိဖြစ်နေပြီး ရောဂါကူးစက်ဖြစ်ပွားနိုင်မှုအလားအလာများကို ဆန်းစစ်ရန်၊ ထိန်းချုပ်ရန် WHO တွင် လုပ်ပိုင်ခွင့် အကန့်အသတ်ရှိနေကြောင်းလည်း သုံးသပ်ထားပြီး ကပ်ရောဂါကိုင်တွယ်ရေးတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့်အသစ်မှပြန်စရန် လိုအပ်နေပြီဖြစ်ကြောင်းလည်း သုံးသပ်ထားသည်။

❍ F-05